# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို အခမ်းအနားတက်ရောက်လာကြသူများအား လိုက်လံရှင်းလင်းပြသစဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယနေ့ *ဖတ်စရာ*


**ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်** — ပြည်တွင်းသတင်း — စာ ၇

**“မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၉)** (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) — ဆောင်းပါး — စာ ၁၀

မြန်မာ့အလင်း

# ထက်သန်လှစွာသော သဒ္ဓါတရား

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော်နှင့် သာသနိကအဆောက်အအုံများ တည်ဆောက်မှုတို့မှာ ပြီးစီးလုနီး အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ အခက်အခဲများစွာတို့ကို ရင်ဆိုင်ကျော်လွှား၍ ပမာဏအားဖြင့် ကြီးမားလှစွာသော လုပ်ငန်းများစွာတို့ကို ထက်သန်လှစွာသော သဒ္ဓါတရားဦးဆောင်လျက် လုံ့လဝီရိယ၊ ဉာဏ်ပညာခွန်အားတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ရည်ရွယ်ချက်အားဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်ဟူသော ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာ သမိုင်းအရ သင်္ဂါယနာခြောက်တန်တင်၍ သာသနာတော်သန့်ရှင်းစင်ကြယ်ရေး၊ အဓွန့်ရှည်ကြာ ခိုင်မြဲတည်တံ့ရေး ဆောင်ရွက်ခဲ့ရာတွင် မိမိတို့မြန်မာနိုင်ငံ၌ ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်တွင် ပဉ္စမသင်္ဂါယနာ၊ လွတ်လပ်ရေးရပြီးခေတ် ဝန်ကြီးချုပ်ဦးနု အစိုးရလက်ထက်တွင် ဆဋ္ဌသင်္ဂါယနာတို့ကို ကျင်းပနိုင်ခဲ့ခြင်းဖြင့် ထေရဝါဒဗုဒ္ဓသာသနာခိုင်မာသောအခြေခံရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သာသနာသုံးရပ် ထွန်းကားလျက်ရှိပြီး ဗုဒ္ဓ၏ငြိမ်းချမ်းသော ဓမ္မတရားတို့ ကမ္ဘာအရပ်ရပ်သို့ပြန့်ပွားရန်လည်း သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဗုဒ္ဓသာသနာသည် လောဘဟူသော အတ္တစွဲအားကြီးခြင်း၊ ကိုယ်ကျိုးစီးပွားကိုသာ ရှေးရှုခြင်း၊ ပိုင်ဆိုင်လိုခြင်း၊ ကုသိုလ်တရားမှ သွေဖည်ခြင်း။ ဒေါသဟူသော ခက်ထန်မာန်စောင်ခြင်း၊ ပုတ်ခတ်ညှဉ်းဆဲလိုခြင်း၊ သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းတရားခေါင်းပါးခြင်း၊ သောကဗျာပါဒဖြစ်ခြင်း၊ ပူဆွေးဝမ်းနည်းခြင်း။ မောဟဟူသော အသိဉာဏ်ပညာကင်းမဲ့ခြင်း၊ တွေဝေခြင်း၊ အကြောင်းနှင့်အကျိုး၊ ကုသိုလ်နှင့်အကုသိုလ်တို့ကို ခွဲခြားနိုင်စွမ်းမရှိခြင်း၊ လောဘနှင့်ဒေါသတို့ကို ဦးစီးခေါင်းဆောင်ခြင်းဟူသော သဘောများရှိသည့် ကိလေသာမီး သုံးပါးတို့ကို ငြိမ်းသတ်ပေးသည်။ လိုချင်တပ်မက်မှု၊ တွယ်တာမှုတို့ မရှိ၊ စွန့်လွှတ်စွန့်လှူစေသည်။ မေတ္တာတရား၊ သည်းခံခြင်းတရားတို့နှင့် ပြည့်စုံစေသည်။ ပကတိကြည်လင်ချမ်းမြေ့စေသည်။ အသိဉာဏ်ဦးစီး၍ အကြောင်းအကျိုး အမှားအမှန်တို့ကို ခွဲခြားဆုံးဖြတ်နိုင်စေသည်။ လူသားတို့၏ကမ္ဘာကို ပူလောင်ပျက်စီးစေသည်မှာ လောဘ၊ ဒေါသ၊ မောဟဟူသော ကိလေသာမီးသုံးပါးပင်ဖြစ်ရာ လူတို့၏ အတွင်းသန္တာန်တွင် ကိန်းအောင်းနေသော အဆိုပါမီးတို့ကို ငြိမ်းအေးစေသည်နှင့်အမျှ ကမ္ဘာလောကလည်း အေးချမ်းသာယာမည်သာဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ဆောက်ရန် ပန္နက်ရိုက်ခဲ့သည်မှ ရက်ပေါင်း ၁၀၀၀ ကျော်၊ နှစ်ကာလအားဖြင့် သုံးနှစ်စွန်းစွန်းသို့ ရောက်ရှိလာပြီးချိန်တွင် တည်ထားကိုးကွယ်မှုလုပ်ငန်းများစွာတို့မှာလည်း ရာနှုန်းပြည့်ပြီးစီးရန် အနည်းငယ်သာ ကျန်ရှိနေပြီဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘာသာ သာသနာနှင့် နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်ဓမ္မမိတ်ဆွေများအား ကုသိုလ်စိတ်ပွားများနိုင်ရေး ရှင်းလင်းပြသခဲ့ရာတွင် အခမ်းအနားတက်ရောက်လာကြသူ အလှူရှင် ၁၀၁ ဦးတို့က သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၆ ဒသမ ၁၇၇ ဘီလီယံကို လှူဒါန်းခဲ့ကြသည်။ တစ်ခဏမျှသော အချိန်အတွင်း ထွက်ပေါ်လာသည့် ထက်သန်လှစွာသော သဒ္ဓါတရားနှင့် ပေးလှူမှုကုသိုလ်တို့သည် ဘဝပေါင်းများစွာအတွက် ကောင်းကျိုးများ ဖြစ်ပေါ်စေမည်ဖြစ်သည့်အလျောက် ဝမ်းမြောက်နုမော်သာဓုခေါ်ဆိုအပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက် ( စနေနေ့ )




"Cooperatives: partners for accelerated sustainable development"

"အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁ -၇ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၂၆) တွင်** စည်းကမ်းမရှိသည့်အတွက် ပုံဆွဲခဲတံလေးပျောက်ဆုံးသွားသော်လည်း ကံကောင်းစွာ ပြန်လည်တွေ့ရှိသွားသည့်အကြောင်း တင်ဆက်ထားသည့် "ကြွက်နှင့် ခဲတံလေး" မျက်နှာဖုံးကာတွန်း၊ မြန်မာ့ရိုးရာသိုင်းပညာကို သင်ချင်ပြီး သူတစ်ပါးကို ကူညီချင်သော နိုးတူးနှင့် သိုင်းဆရာကြီးတို့ တွေ့ဆုံမိသည့်အကြောင်း တင်ဆက်ထားသည့် "နိုးတူးနှင့် တုံတုံ" နှစ်မျက်နှာကာတွန်း၊ အမေဖြစ်သူက "သားသမီးမကောင်း ဘယ်သူ့ခေါင်းလဲ" ဟု




ဖူးငယ်ကို မေးသောအခါ သူ့အတွေးဖြင့် ပြန်ဖြေထားသည့်အကြောင်း တင်ဆက်ထားသည့် "ဖူးငယ်" တစ်မျက်နှာကာတွန်း၊ ကလေးတို့သဘာဝ စူးစမ်းလေ့လာတတ်ပုံ၊ အမေးအမြန်းထူပုံကို တင်ဆက်ထားသည့် "မေးခဲ့ဖူးတယ်" နှစ်မျက်နှာကာတွန်း၊ ဗဟုသုတရမည့် စာအုပ်တွေဖတ်သင့်ကြောင်း တင်ဆက်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းအချင်းချင်း မိမိတို့၏ အဘိုးများအသက်ရှည်ကြပုံကို စကားနိုင်လု၍ ပြောဆိုခြင်းအကြောင်း တင်ဆက်ထားသည့် "အာတူးနဲ့လိပ်ပု" မျက်နှာဝက်ကာတွန်းကဏ္ဍ၊ ဝါဆိုလတွင် ရဟန်းသံဃာများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပုံ၊ ဆည်မြောင်းချောင်းကန်များ ရေပြည့်လျှံ၍ သီးနှံများဖြစ်ထွန်းပုံနှင့် သစ်တောသစ်ပင်များ စိမ်းစိုပုံကို ရေးဖွဲ့ထားသည့် "လမြတ်ဝါဆို" ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ်၌ မိုးစပါးမြေဆီလွှာဖွံ့ဖြိုးရေးအတွက် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) ထည့်သွင်းခြင်းဆောင်ရွက်

**မြန်အောင် ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အိုးဘိုကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ တောင်သူဦးမင်းမင်းစိုး၊ ဦးစိုးသူတို့၏လယ်မြေ ငါးဧက



တွင် မိုးစပါးမြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် (ပိုက်ဆံလျှော်) သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းအခမ်းအနားကို ဇွန် ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးအောင်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်တာဝန်ခံ(ယာယီ) ဦးစိုးမြင့်အောင်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုသည်။

မြန်အောင်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးမြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) များကို စိုက်ပျိုးရာသီအချိန်မီထည့်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းဗိုလ် (မြန်အောင်)**

## လက်ပံတန်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**လက်ပံတန်း ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဝွေးတောက်ကွင်း ကျေးရွာအုပ်စု ရန်ကုန်-ပြည်လမ်း မိုင်တိုင် ၈၁/၅ မှ ၈၁/၆ ၌ ဇွန် ၂၇ ရက် နံနက် ၈ နာရီက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်သစ်တောဦးစီးဌာနက စီစဉ်ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ Max-Myanmar မှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၂၅၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

**မြို့နယ် (ပြန်/ဆက်)**




**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

❑ *ရွှေဖုံးမှ*

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သာသနာနုဂ္ဂဟအဖွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်**

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ကမ္ဘာပေါ်တွင် စကျင်ကျောက်ဖြင့် ထုဆစ်သည့်ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြသရန်ဖြစ်ကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာအားဖြင့်သော် လည်းကောင်း၊ နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်းကောင်း တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် နေပြည်တော်တွင် မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်နေသည့် အခြေအနေများကို သိရှိရန်လိုအပ်သည်ဟု ယူဆပြီး ကုသိုလ်စိတ်ပွားများနိုင်ရေး ရှင်းလင်းပြသခြင်း ဖြစ်ပါကြောင်း။

**သာယာပျော်ရွှင်စွာနေထိုင်နိုင်ရေး**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက်(၄)ရပ်ဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ စစ်စစ်ကိုကိုးကွယ်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဗုဒ္ဓ၏တရားတော်များကို ပဉ္စသင်္ဂါယနာတင်ခြင်းကို မင်းတုန်းမင်းလက်ထက်တွင် လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ဝန်ကြီးချုပ် ဦးနုလက်ထက်တွင်လည်းကောင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ခိုင်မာသောအခြေခံရှိခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာ မိမိတို့နိုင်ငံတွင် ခိုင်မာမှုရှိခြင်းကို ပြသနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်အတွက် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် သာယာဝပြောမှုရှိခြင်းဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာနေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှုမေတ္တာတရားထားသည့် ဘာသာတရားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရား၏ အောက်တွင် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုရှိစေရေးရည်ရွယ်ချက်များဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**“ နိုင်ငံတော် သာယာဝပြောမှုရှိခြင်းဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်ဖြစ်၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်၊ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှုမေတ္တာတရားထားသည့် ဘာသာတရားတစ်ခုဖြစ်၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရား၏အောက်တွင် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုရှိစေရေး ရည်ရွယ်ချက်များဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ် ”**

**ထပ်မံထည့်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့**

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ အဆိုပါကျောက်တော်ကြီးကို တူးဖော်ရရှိရေး ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ် စစ်ဆေးဆောင်ရွက်၍ တွက်ချက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ၌ အမြင့် ၆၅ ပေ၊ ရှေ့အလျား ၁၅၄ ပေ၊ ထု ပေ၂၀ ရှိ A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်နိုင်ခဲ့ကြောင်း၊ ဆင်းတုတော်ထုဆစ်ရန်အတွက် တွက်ချက်ဆောင်ရွက်ရာတွင် အချို့ကျောက်သားနေရာများတွင် လိုအပ်ချက်များရှိခြင်းကြောင့် ကျောက်သားများ ထပ်မံထည့်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ရာ၌ ခေတ်အလိုက် တည်ထားဆောင်ရွက်ခဲ့သည့်ရုပ်ပွားတော်များထဲမှ အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ အနေဖြင့် ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ မိမိတို့နိုင်ငံ၏သမိုင်းမှာ အဆက်ပြတ်သွားခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှသာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ကြောင်း၊ ကိုလိုနီဖြစ်ခဲ့သည့်ကာလအတွင်း မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများပျက်စီးသွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကိုယူရန်အတွက် ရတနာပုံခေတ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားကြီးထုဆစ်ပူဇော်ရန် စဉ်းစားရာတွင် ဉာဏ်တော်ကို အဓိကထားပြီး သတ်မှတ်ထားသည့် ထုံးတမ်းအစဉ်အလာများပေါ်မူတည်၍ လိုအပ်သည့်ပလ္လင်တော်နှင့် ဒူးတော်နေရာများအတွက် စကျင်ကျောက်များ ထပ်မံရရှိရေးဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီးထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေးစီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှသယ်ယူရန် အခက်အခဲများရှိခြင်းကြောင့် စကျင်တောင်မှ ရေဝတီမြစ်၊ ၎င်းမှဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ သယ်ဆောင်နိုင်ရေးအတွက် အသေးစိတ် လိုက်လံကြည့်ရှုခဲ့ပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့သယ်ယူချိန်တွင်လည်း ထုထည်ပမာဏကြီးမားခြင်းကြောင့် အခက်အခဲများကြားမှ ပင့်ဆောင်ခဲ့ရကြောင်း၊ စကျင်တောင်မှ သယ်ဆောင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့နှင့် တပ်မတော်(ရေ)တို့ပူးပေါင်း၍ မြောင်မြစ်သို့ တူးမြောင်းဖောက်လုပ်ရာတွင် မြေကျင်း ၈၂၅၀၇ ကျင်း၊ တူးမြောင်း အရှည် ၄၅၈၃ ပေ ဖောက်လုပ်ဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ဆီမီးခုံဆိပ်ကမ်းသို့လည်း ရေယာဉ်များ ဆိုက်ကပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း။

**ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့**

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ကျောက်တုံးတော်ကြီးများကို စတင်ပင့်ဆောင်ခြင်းအခမ်းအနားကို ဆောင်ရွက်၍ ပင့်ဆောင်ခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ပင့်ဆောင်ခဲ့ရပြီး စုစုပေါင်းအနေဖြင့် ၉ ကြိမ် ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရကြောင်း၊ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၈ ရက်တွင်

*စာမျက်နှာ ၄ သို့*





**ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။**

*စာမျက်နှာ ၃ မှ*

ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာသယ်ယူနိုင်ရေး ၂၂ မိုင် ၅ ဖာလုံ အရှည်လမ်းအား ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ကြောင်း၊ ထိုသို့ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြား သယ်ဆောင်နိုင်သည့် ကားများ သွားလာနိုင်ရေး ရှောင်ကွင်းလမ်းများဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အချိန်အားဖြင့် ၄ လကြာမြင့်ခဲ့ကြောင်း၊ ကျောက်တော်ကြီးများပင့်ဆောင်သည့်အချိန်သည် ကိုဗစ်ကာလဖြစ်ပွားနေချိန်နှင့် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်နေသဖြင့် အချို့မှာ ကျောက်တော်ကြီးများပင့်ဆောင်မှုကို အသေးစိတ်သိရှိမှု နည်းပါးကြကြောင်း။

**အသိအမှတ်ပြု Certificate ကို ပေးအပ်**

ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ၇ ခေါက်သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း၊ ထိုသို့ သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမဏီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီး သယ်ဆောင်မှုနှင့် အဝေးဆုံးသောကုန်းလမ်းခရီး သယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ဘုရားကြီး တည်ထားကိုးကွယ်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနားထင်ထင်ပေါ်ပေါ်ရှိစေရေး တည်ဆောက်ရန်ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျဖြင့် အကွက်ချတွက်ချက်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ "မာရဝိဇယ"ဟူသည့်ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း။

**ပေးပို့လှူဒါန်းသွားမည်**

ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထပ်အက္ခရာတင်ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျမ်းစာအုပ်များ ရိုက်နှိပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်သည့် စက္ကူများဖြင့် ရိုက်နှိပ်ခြင်းဖြစ်ကြောင်း၊ အလားတူ အဆိုပါ ပိဋကတ်သုံးပုံအား Application ဖြင့် ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းပိဋကတ်ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း။

**စနစ်တကျဖြင့် တည်ဆောက်ခဲ့**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစီအစဉ်များအဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယဥယျာဉ်အတွင်း ချောင်းဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီး မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေပန်းရင်ပြင်တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အလားတူ သုဓမ္မာဇရပ်များတည်ဆောက်ရာတွင် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရေးမူမပျက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်မည်ဖြစ်ကြောင်း။

ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍ CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း။

မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများရှိရန် လိုအပ်သဖြင့် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ကြောင်း၊ အဆိုပါကျောင်းတော်တွင် သံဃာတော် ငါးပါးသီတင်းသုံးနိုင်မည်ဖြစ်ကြောင်း၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတက အဋ္ဌကထာ စသည့်ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျည်းပင် သုံးပင်ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း။

**အမှားအယွင်းများမရှိအောင်ဆောင်ရွက်**

ဆင်းတုတော်အပိုင်းများ တွဲဆက်ခြင်းများကို အခက်အခဲများကြားမှ အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်အစိတ်အပိုင်းများ ရွှေ့ပြောင်းရာတွင်လည်း အမှားအယွင်းများမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျောက်စာရုံစေတီများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရားကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာများ ရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ ဦးဆောင်မှုဖြင့် ဆရာတော်ကြီးများမှ နေ့စဉ်တည်းဖြတ်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များ တည်ဆောက်ရာတွင်လည်း မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့ ရွှေစင်မင်း သီလရှင်သင်အမျိုးသမီး ပရဟိတပညာရေးမူလွန်ကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ သီလရှင်ဆရာလေးများမှ လှူဒါန်းသည့် ဗောဓိပင် ၁၀၀၀ ကိုလည်း ကျောက်စာရုံများ၏ပတ်လည်တွင် စိုက်ပျိုးထားရှိကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များ လုံးဝပါရှိခြင်းမရှိကြောင်း၊ တန်ချိန်ပေါင်း ၁၇၀၀ ရှိသည့် ဆင်းတုတော်အပိုင်း(၁၊၂၊၃) တို့ တွဲဆက်ထားသည့် အပိုင်းအား ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်သံမဏိပန်းတောင်းကိုအသုံးပြုခဲ့ရကြောင်း၊ ဆင်းတုတော်အပိုင်းများ ထည့်သွင်းထားသည့် သံမဏိပန်းတောင်းကို တန်ချိန် ၁၅၀၀ ရှိသည့် သံမဏိမျှော်စင်ကြီးနှင့် တန်ချိန် ၂၅၀ ရှိ အထောက်အကူပြု သံမဏိစင်ကိုအသုံးပြု၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ပင့်ထောင်ခြင်းလုပ်ငန်းများနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို အမှားအယွင်းများ မရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့**

ဇန်နဝါရီ ၂၇ ရက်တွင် ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်၌ ရတနာပလ္လင်တော်ထက်တွင် ဒုတိယအကြိမ်ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြောင်း။

သာသနာ့ဗိမာန်နှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန်အတွက် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် သိမ်တော်ကြီးတစ်ခုဖြစ်ကြောင်း။ ***စာမျက်နှာ ၅ သို့***

*စာမျက်နှာ ၄ မှ*

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသက်န်းကပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကိုလည်း တပ်ဆင်ပူဇော်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရန်အတွက် ပန္နက်ရိုက်ခဲ့သည်မှ ယနေ့အထိ ရက်ပေါင်း ၁၁၁၀၊ ၃ နှစ်နှင့် ၁၅ ရက်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ အထိ ခံနိုင်သော အောက်ခံအမာ ရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီးထိခိုက်မှု မရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျ တွက်ချက် တည်ဆောက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများဆောင်ရွက်ရာတွင်လည်း သမားရိုးကျ နည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုကို ဖူးတွေ့ရစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မုစလိန္ဒအိုင်တည်ဆောက်ပြီးစီးမှုကို အခမ်းအနားတက်ရောက်လာကြသူများအား လိုက်လံရှင်းလင်းပြသစဉ်။

**ကုသိုလ်သဒ္ဓါများ ပွားနိုင်စေရန်ရည်ရွယ်**

ရင်ပြင်တော်ကြီး တည်ဆောက်ရေးနှင့်ပတ်သက်၍ မြက်ခင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ဂန္ဓကုဋီတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့၊ အတုမရှိကျောင်းတော်၏ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများလုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့်အချိန်များတွင် ဂန္ဓကုဋီတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ ဘုရားကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လင်းလွန်းတောနှင့် ဘုရားကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လုမ္ဗိနီအင်ကြင်းပင်များအား အိန္ဒိယနိုင်ငံမှ လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှုအား Drone ဖြင့် ရိုက်ကူးထားရှိမှု မှတ်တမ်း Video Clip နှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ကြီး တည်ဆောက်ပြီးစီးပါက ဖူးမြော်မြင်တွေ့ရမည့်အခြေအနေ Video Clip ဖြင့် ရှင်းလင်းပြသပြီး ယခုလာရောက်သည့် ဓမ္မမိတ်ဆွေများအနေဖြင့် အမျိုးဘာသာ၊ သာသနာအတွက်သော်လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကိုဆောင်နေကြသူများဖြစ်သဖြင့် အသိပေးသင့်သည်ဟု ယူဆ၍ ယခုကဲ့သို့ အသေးစိတ်ရှင်းလင်းပြသပေးခြင်းပင်ဖြစ်ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို သိရှိရခြင်းဖြင့် ကုသိုလ်သဒ္ဓါများပွားနိုင်စေရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာသဖြင့် ကြားဖြတ်အစီအစဉ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့အနေဖြင့် ငွေကြေးအကုန်အကျများစွာဖြင့် တည်ထားခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထပ်မံတည်ဆောက်ရန်မှာ မလွယ်ကူပါကြောင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အခက်အခဲများလည်းရှိခဲ့ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီးကိုလည်း အချိန်မီပြီးစီးနိုင်ရေး နေ့၊ ညမပြတ်ဆောင်ရွက်ခဲ့ရကြောင်း၊ သာသနာတော်ဘွဲ့တံဆိပ်ရရှိခဲ့သည့် ပုဂ္ဂိုလ်များနှင့် ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာပုဂ္ဂိုလ်များကို အသိပေးလိုသဖြင့် ဖိတ်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခမ်းအနားကို အချိန်နှင့်နေရာကန့်သတ်ချက်များအကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လှူဒါန်းမှုများနှင့်ပတ်သက်၍ သဒ္ဓါတရားထက်သန်မှုများဖြင့် လှူဒါန်းခဲ့ ကြသည်ကို တွေ့ရှိရကြောင်း၊ အဆောက်အဦများအလိုက် လှူဒါန်းခဲ့သည့် အလှူရှင်များ၏ အမည်များကိုလည်း ကျောက်ချပ်များပေါ်တွင် ရေးထိုး၍ ကမ္ပည်းမှတ်တမ်း ထားရှိပေးမည်ဖြစ်ကြောင်း၊ ယခုတည်ထားကိုးကွယ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးသည် ပမာဏကြီးမားပြီး လုပ်ငန်းများလည်း ကြီးမားပါကြောင်း၊ ထို့ကြောင့် ယခုတစ်ခဏအချိန်အတွင်း သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး**

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် အခမ်းအနားတက်ရောက်လာကြသူများက သဒ္ဓါတရားစိတ်ထက်သန်စွာဖြင့် လှူဒါန်းသည့် အလှူရှင် ၁၀၁ ဦး၏ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၆၁၇၇ သန်း(၁၆ ဒသမ ၁၇၇ ဘီလီယံ)ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ နဂါးရုံဘုရားတည်ဆောက်ပြီးစီးမှုကို အခမ်းအနားတက်ရောက်လာကြသူများအား လိုက်လံရှင်းလင်းပြသစဉ်။

# ကရင်ပြည်နယ် ဝန်ကြီးချုပ် ရေတံခွန်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပေး



**ဘားအံ ဇွန် ၂၉**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် နှစ်စဉ်ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ဒုံရင်းကျေးရွာ ရေတံခွန်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးစုံမိုင်း၊ ငါးလုပ်ငန်း ဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ငါးလုပ်ငန်းစခန်း ဝန်ထမ်းများ၊ ရပ်မိ ရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး ကျုံဒိုးငါးလုပ်ငန်းစခန်းမှ နှစ်လက်မ အောက်ခံ အရွယ်ရှိ ငါးမြစ်ချင်း သားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းအား ဒုံရင်း-ရေတံခွန်ချောင်းအတွင်း ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ (ယာပုံ) **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် စစ်တွေမြို့ရှိ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၉**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် စစ်တွေမြို့ရှိ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



ဦးစွာ ဒုတိယဝန်ကြီးသည် ရခိုင်ပြည်နယ် စစ်တွေတက္ကသိုလ်အတွင်းနှင့် အမှတ် (၃၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့၌ ပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ကျောင်းဆောင်အတွင်း လျှပ်စစ်သွယ်တန်းထားရှိမှုတို့ကို လည်းကောင်း၊ စစ်တွေဂေါက်ကွင်းနှင့် ရခိုင်ပြည်နယ် လွှတ်တော်ရုံးအတွင်းရှိ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် မြေပုံမြို့တို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ကို ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် လွှတ်တော်ရုံးအတွင်းရှိ ၁၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတို့မှတစ်ဆင့် ပြည်နယ်လွှတ်တော်သို့ ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပြီဖြစ်သည်။ ကျန်ရှိနေသည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း- ရသေ့တောင် ဓာတ်အားလိုင်း ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ၇၂ ရာခိုင်နှုန်းခန့်၊ ၆၆ ကေဗွီ ရသေ့တောင် - ဘူးသီးတောင် ဓာတ်အားလိုင်းပြန်လည်တည်ဆောက်ခြင်း လုပ်ငန်း ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျေးရွာဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် ဆောင်ရွက်မှုအနေဖြင့် ဆောင်ရွက်ရမည့် ကျေးရွာ စုစုပေါင်း ၃၂၇ ရွာရှိ သည့်အနက် ဆောင်ရွက်ပြီး ကျေးရွာ ၇၉ ရွာ၊ ဆောင်ရွက်ဆဲ ကျေးရွာ ၄၉ ရွာဖြစ်ကာ စုစုပေါင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ၄၉ ဒသမ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ စစ်တွေမြို့ပေါ်ရှိတက္ကသိုလ်၊ ဌာနဆိုင်ရာရုံးများ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ စစ်တွေတက္ကသိုလ်ကို ဇွန် ၁၀ ရက်တွင်လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်ကို ဇွန် ၁၂ ရက်တွင်လည်းကောင်း၊ နည်းပညာအထက်တန်းကျောင်းကို ဇွန် ၂၀ ရက်တွင်လည်းကောင်း၊ နည်းပညာတက္ကသိုလ်ကို ဇွန် ၂၂ ရက်တွင်လည်းကောင်း၊ အမှတ် (၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲကို ဇွန် ၂၆ ရက်တွင်လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇွန် ၂၉**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ် တစ်စင်းသည် ရခိုင်ပြည်နယ်အစိုးရက ဆန် ၁၃၅ အိတ်၊ စားဆီဘူး ၂၇၀၀၊ ကော်ဖီမစ် ၁၀ ဖာ၊ နို့မှုန့်လေးဖာ၊ ရေသန့်ကတ် ၅၇၀၊ ငါးပိကြော် တစ်ဖာ၊ ခေါက်ဆွဲခြောက်ဖာ ၁၁၀ နှင့် ဆေးဝါးပစ္စည်းမျိုးစုံ ၉၄ ဖာ စုစုပေါင်း ကုန်တန်ချိန် ၁၄ ဒသမ ၅ တန်ကို စစ်တွေမြို့၌ တင်ဆောင်၍ မာန်အောင်မြို့သို့ ယနေ့ညနေပိုင်းတွင် ထွက်ခွာသွားသည်။



အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့်ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေး ပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၂၉**

တပ်မတော်(လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီ ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးပို့သော စုစုပေါင်း ဆန်အိတ် ၁၆၀၊ ရှစ်တန်ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကလေးလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၅၇ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၅၂ ဦးတို့ကို ပို့ဆောင် ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ ဖြန့်ဖြူးလျက်ရှိပြီး တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ကျောက်ဖြူ ဇွန် ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ဇူလိုင် ၁ ရက်တွင် ကျရောက်မည့် (၁၀၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငါးကမ္ဘာ(FISHLAND) စက်မှုကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့ ပူးပေါင်းပြီး ယနေ့ နံနက်ပိုင်းက ကျောက်ဖြူမြို့ စေတီတောင်ရပ်ကွက်ရှိ အဆိုပါ သမဝါယမအသင်းလီမိတက်ခြံဝင်းအတွင်း အခြေခံစားသောက်ကုန်များကို ဒေသခံပြည်သူများထံသို့ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာတွင် ငါးကမ္ဘာစက်မှုကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဒေါ်အေးစုလှိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ဝန်ထမ်းများက အခြေခံစားသောက်ကုန်များဖြစ်သည့် ရွှေပုစွန်ခြောက်၊ ငါးနီတူခြောက်၊ ငံပြာရည် စသည့်အခြေခံစားသောက်ကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်း သိရသည်။ (ယာပုံ)

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့လယ်ချောင်းတစ်လျှောက် တိမ်ကောပိတ်ဆို့နေသော အမှိုက်များ၊ ဗေဒါပင်များ၊ ပေါင်းပင်များဖြင့် ပိတ်ဆို့နေသောနေရာများအား ကူညီကယ်ဆယ်ရေး အဖွဲ့များက စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် စစ်တွေမြို့မှ ပေးပို့လာသည့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ရောက်ရှိလာမှုနှင့် မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန ဂိုဒေါင်၌ ပစ္စည်းများ လက်ခံနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် စူပါနှံ့ကောက်မျိုးစပါးနှင့် GW- 11 မျိုးစပါးများ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည့် မျိုးစပါးများ တောင်သူများထံသို့ ထောက်ပံ့ပေးအပ်ပွဲတက်ရောက်၍ မျိုးစပါးအိတ်၁၃၅တင်းအား ကျေးရွာအုပ်စုသုံးအုပ်စုမှ တောင်သူများ လက်ဝယ်သို့ ဖြန့်ဝေပေးသည်။



အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ကျောက်တန်းတိုက်နယ်၊ လောင်းချောင်းတိုက်နယ်နှင့် စေတီပြင်တိုက်နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်များ ထောက်ပံ့ပေးအပ်ရာ မုန်တိုင်းဒဏ်သင့်ပြည်သူများ ကိုယ်စား ကျေးရွာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။ (ယာပုံ)

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆပ်ရိုးကျရပ်ကွက်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အိမ်မိုးသွပ်ပြားများ ထောက်ပံ့ပေးအပ်သည်။

အလားတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဇော်မင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရမ်းဗြဲမြို့ အောင်ဓမ္မဗိမာန်ဓမ္မာရုံ၌ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းရင်းဆေးများနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မောရဝတီကျေးရွာသို့ ရောက်ရှိလာသည့် မျိုးစပါးများအား ကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းဒဏ်ကြောင့် မျိုးစပါးများ ပျက်စီးခဲ့သည့် ကိုင်းကြီးကျေးရွာ၊ မောရဝတီကျေးရွာနှင့် ဥဒေါင်းကျေးရွာတို့မှ တောင်သူ ၃၅ ဦးတို့ကို GW- 11 မျိုးစပါးနှင့် နှံ့ကောက်မျိုးစပါး စုစုပေါင်း တင်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရာတန်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။



အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ မြို့မဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ အောင်ဗလကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူကျောက်တော်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကျောက်တော်မြို့ သမဝါယမဂိုဒေါင်သို့ မျိုးစပါးများ သယ်ယူပို့ဆောင် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဒဂုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်များနှင့် ပြိုင်ပွဲဆုရရှိသူများ ဆုပေးပွဲအခမ်းအနားကို တက္ကသိုလ်အားကစားရုံ၌ ယမန်နေ့ ညနေပိုင်းက ကျင်းပသည်။

အဆိုပါ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရာတွင် ဆုရရှိကြသည့် ဘာသာရပ်ပေါင်းစုံမှ (အမျိုးသား/အမျိုးသမီး) များကို ဆုပေးအပ်ချီးမြှင့်ပေးရာ ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူးနှင့် ပါမောက္ခများ၊ သင်တန်းရေးရာ ဌာနမှူးများက ဆုချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**

ဒဂုံတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ MixDouble ပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများနှင့် Single အမျိုးသား/အမျိုးသမီး ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး

**ဘားအံ ဇွန် ၂၉**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ မေဂျာအသီးသီးမှ ပထမနှစ် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီးနောက် အမှတ်(၁၀) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးဟန်မွေးနှင့် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးပြည့်စုံအောင်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဟောပြောခြင်း၊ ပြည်နယ်တရားလွှတ်တော်မှ လက်ထောက်ညွှန်ကြားရေးမှူးဦးကိုကိုက ယာဉ်စည်းကမ်းနှင့်စပ်လျဉ်း၍ ဥပဒေအကြောင်းသိကောင်းစရာများ ဟောပြောရာ ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ရောဝတီမြစ်၏ ရေအရင်းအမြစ်၊ မြစ်ရေလမ်းကြောင်းစီးဆင်းမှု၊ ရောဝတီမြစ်ကြောင်းတစ်လျှောက် အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှုအခြေအနေ၊ မြစ်ကမ်းပါး ဝဲ / ယာ မြေမျက်နှာသွင်ပြင် ဘူမိဗေဒအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၏ မြောက်ဘက် ငါးမိုင်ခန့် အကွာရှိ ရောဝတီမြစ်၏ ရေအရင်းအမြစ်၊ မြစ်ရေလမ်းကြောင်း စီးဆင်းမှု အခြေအနေ၊ ရောဝတီမြစ်ကြောင်းတစ်လျှောက် အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှု အခြေအနေ၊ မြစ်ကမ်းပါး ဝဲ/ ယာ မြေမျက်နှာသွင်ပြင် ဘူမိဗေဒ အခြေအနေ၊ ရေတားတမံများ အခြေအနေနှင့် ကမ်းပြိုမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**





### ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့၏ မြောက်ဘက် ငါးမိုင်ခန့်အကွာ ဖောင်ဆိပ်ကျေးရွာနှင့် ကျောက်ရဲကျေးရွာအကြားရှိ ရောဝတီမြစ်၏ ရေအရင်းအမြစ် နေရာသို့ ရောက်ရှိရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မြစ်ပြင်အကျယ်၊ ရေစီးနှုန်း၊ ရေစီးထုထည်၊ မြစ်ရေအနက်၊ တာတမံများဖို့၍ ထိန်းသိမ်းထားမှု၊ မြစ်ကမ်းများ အခြေအနေနှင့် ပင်လယ်ရေငန် ရောက်ရှိမှု အခြေအနေများကို လည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်က ရောဝတီမြစ်ဝှမ်းဆိုင်ရာ အချက်အလက်များ၊ ဟင်္သာတမြို့အနီးရှိ ရောဝတီမြစ်၏ ရေလမ်းကြောင်း၊ ရေမျက်နှာပြင် အနိမ့်အမြင့် ကွာခြားချက်၊ ရေအတိမ်အနက်နှင့် ယခင်လေ့လာဆန်းစစ်ခဲ့သော ရောဝတီမြစ်နေရာများနှင့် နှိုင်းယှဉ်လေ့လာတွေ့ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရောဝတီမြစ်ကြောင်းတစ်လျှောက် နေရာ ငါးနေရာတွင် အခြေအနေများကို ကြည့်ရှုခဲ့ပြီးဖြစ်သည့်အတွက် အကြိုစူးစမ်းလေ့လာမှုများ ဆောင်ရွက်ရန် သင့်လျော်သည့်နေရာများတွင် ရောဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် သက်ရောက်နိုင်မှုများအပေါ် အခြေခံ၍ အသေးစိတ် စူးစမ်းလေ့လာမှုများကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မြစ်ကြောင်းပြောင်းလဲမှု၊ မြစ်ကမ်းပါး ရေတိုက်စားမှု၊ ရေတားတမံများအပေါ် အကြိုးသက်ရောက်မှုများအပြင် မြစ်အတွင်း သွားလာလျက်ရှိသည့် ရေယာဉ်များ၏ အရွယ်အစား၊ အမျိုးအစား၊ ရေယာဉ်အရေအတွက် စသည့်အချက်အလက်များကိုပါ စဉ်ဆက်မပြတ် လေ့လာသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်လှေဖြင့် ရောဝတီမြစ်အတွင်း လှည့်လည်ပြီး ရောဝတီမြစ်အတွင်း မြစ်ရေစီးဆင်းနေမှု၊ မြစ်ကြောင်းအတွင်း အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှု၊ ရေကြောင်းသွားလာမှု၊ မြစ်ကမ်းပါး ဝဲ/ ယာရှိ ဘူမိဗေဒ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ပြလို့ရေနံအစမ်းတွင်းနှင့် အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ) တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တူးဖော်လျက်ရှိသော ပြလို့ရေနံအစမ်းတွင်းများနှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ် (၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြလို့ရေနံအစမ်းတွင်းဒေသသို့ ရောက်ရှိပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် တွင်းတူးစက်အမှတ် D3 T2 Series 2 ဖြင့် တူးဖော်နေသော တွင်းအမှတ် NW–1–1 ၏ တွင်းတူးဖော်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များက တွင်းတူးဖော်ရသည့် ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များနှင့် တွင်းတူးဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြေအောက်ဘူမိဗေဒအခြေအနေများကို လေ့လာလမ်းညွှန်ပြီး တွင်းတူးဖော်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရေး၊ လုပ်ငန်းခွင်ဧရိယာလုံခြုံရေးတို့ကိုမှာကြားပြီး ဝန်ထမ်းများကို အမှတ်တရ သစ်သီးခြင်းနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တွင်းတူးစက်အမှတ် ZJ 50D Series 2 ဖြင့် တူးဖော်ပြီးစီးခဲ့သော တွင်းအမှတ် NW–3–1 ၏ စမ်းသပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက စမ်းသပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ ဝန်ထမ်းများကို အမှတ်တရ သစ်သီးခြင်းနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ် (၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ စက်ရုံမှူးက စက်ရုံ၏ ယခင်လည်ပတ်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေ၊ ရပ်ဆိုင်းခဲ့သော စက်ရုံကို ပြန်လည်လည်ပတ်နိုင်ရေး ပြုပြင်ဆောင်ရွက်ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ယခုအခါ စက်ရုံမှ $CO_2$ ထုတ်လုပ်နိုင်သည့် အခြေအနေသို့ ပြန်လည်ရောက်ရှိနေမှု၊ စက်ရုံကို ပြန်လည် လည်ပတ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဓိကထားဆောင်ရွက်ခဲ့မှု၊ Process အဆင့်ဆင့်ကို စနစ်တကျကူးပြောင်းဆောင်ရွက်နေမှု၊ မကြာမီ ယူရီးယားဓာတ်မြေဩဇာ ထွက်ရှိမည်ဖြစ်ပြီး စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှုများကို ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ယူရီးယားဓာတ်မြေဩဇာများအား ပြည်တွင်းမှ ပိုမိုတိုးတက်ထုတ်လုပ်ရန်အတွက် အမှတ် (၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ) ကို လည်ပတ်ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စက်ရုံလည်ပတ်ထုတ်လုပ်မှုသည် Reaction အဆင့်ဆင့် ဓာတ်ပြုထုတ်လုပ်ရသော စက်ရုံဖြစ်သောကြောင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများကို အမှတ်တရ သစ်သီးခြင်းနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံပြန်လည်လည်ပတ်နိုင်ရေး စက်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့၌ မျိုးစေ့ပေးအပ်ပွဲနှင့်မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးနည်းသင်တန်းကျင်းပ



**ကလေး ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ မျိုးစေ့ပေးအပ်ပွဲနှင့် မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးနည်းပညာပေးသင်တန်းကို ဇွန် ၂၆ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဗိုလ်မှူး မျိုးသူအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်ဝင်းထွန်းက သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက တက်ရောက်လာသော ဒေသခံတောင်သူများထံ မျိုးစပါးများ၊ ဓာတ်မြေဩဇာနှင့် သီးပင်စားပင်များကို ပေးအပ်သည်။ **ခရိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အကြာတွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရာသီတွင် ချယ်ဆီး အသင်းအတွက် ကိုးဂိုး သွင်းယူထားသော ဟာဗက်၏ ပြောင်းရွှေ့ကြေးမှာ အပိုဆုကြေးများပါထည့်ပေါင်းပါက ပေါင် ၆၅ သန်းထက် ကျော်လွန်ဖွယ်ရှိသည်။ ပရီမီယာလိဂ် ၉၁ ပွဲတွင် ၁၉ ဂိုး သွင်းယူထားနိုင်သည့် ဟာဗက်သည် ချယ်ဆီးအသင်းနှင့်အတူ ၂၀၂၁ ခုနှစ် တွင် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးရရှိထားသူဖြစ်သည်။ အာဆင်နယ်အသင်းသည် အပြောင်းအရွှေ့ကို ဆက်လက် လုပ်ဆောင်လျက်ရှိကာ ဝက်စ်ဟမ်းအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဒက္ကလန် ရိုက်စ်အား ပေါင် ၁၀၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ **အောင်ဇော်**

# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၉)
## (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

**စာရေးသူ၏ ဆန္ဒမွန်**

ကျွန်တော်တို့ ငယ်စဉ်ကတည်းက နှစ်သက်စွာဖတ်ခဲ့ဖူးသည့် ကာတွန်းမြင့်သိန်း၏ ဇာတ်ကောင်စံရွှေမြင့် ပြောတာလား၊ ကာတွန်းတင်အောင်နီ၏ ဇာတ်လိုက်ကိုပြာလောင် ပြောတာလားကတော့ မသဲကွဲတော့ပါ၊ တိုးရင်းတိုးရင်းနဲ့ အလယ်ရောက်သွားတာပါ ဆိုသည့် စကားလို ရေးရင်းရေးရင်းနဲ့ ဆောင်းပါး အမှတ်စဉ် (၉) သို့ပင် ရောက်သွားပါပကောလား။ အမှတ်စဉ် (၁) မှာ ပြန်ကြည့်လျှင် ရခိုင်ပြည်နယ်သို့ မိုခါမုန်တိုင်းမဝင်ရောက်မီ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်များ၊ မုန်တိုင်းဝင်ရောက်ပြီး ကိုယ်တိုင်သွားရောက်ကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ဆက်လက်၍ အမြန်အကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန်များကို ရေးသားတင်ပြခဲ့သလို ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှု၊ ဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ စစ်တွေသို့ ရောက်ရှိတာဝန်ထမ်းဆောင်မှု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြိုတင်ပြင်ဆင်မှုများနှင့် စီမံခန့်ခွဲဆောင်ရွက်မှုများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကို နိဒါန်းပျိုး၍ ရေးခဲ့သည်။

ဤသို့ရေးသားရာတွင် စာရေးသူ၏ အဓိကရင်တွင်းဆန္ဒနှစ်ခု ရှိသည်။ တစ်ခုက နိုင်ငံတော်အစိုးရ၏ စေတနာကို နိုင်ငံသူ နိုင်ငံသားများ၊ အထူးသဖြင့် ရခိုင်ပြည်နယ်သူ ပြည်နယ်သားများ သိစေလိုသည်။ သဘောပေါက်စေလိုသည်။ မိုခါမုန်တိုင်းသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ယှဉ်တွဲ၍ ငြိမ်းချမ်းရေး၏ အန္တိမခရီးလမ်းအဆုံးကိုလည်း လှမ်း၍မြင်စေကြည့်စေချင်သည်။ ကူညီကယ်ဆယ်ထောက်ပံ့ရေး သင်္ဘောကြီးများ ဒလဟော ဝင်ထွက်ဆိုက်ကပ်နေသော ကမ်းခြေဒေသများအပါအဝင် ရခိုင်ပြည်နယ်၏ ရေမြေတောတောင်သဘာဝကို ဘုရားပေးသောဆုလာဘ်အဖြစ် သိမြင်ခံစားနားလည်စေလိုသည်။ ဒါကဆန္ဒတစ်ခု၊ နောက်တစ်ခုကတော့ အရေးကြီးလျှင် အလိုလိုသွေးနီး သွားတတ်သော မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်လက္ခဏာများအတိုင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အနယ်နယ်အရပ်ရပ်က အပြေးအလွှား ရောက်ရှိလာကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ဂုဏ်ပြုလို၍ဖြစ်သည်။ ရာထောင်ချီ၍ ရောက်ရှိလာကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများ၊ ပို့/ဆက်ဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ မိုးထဲလေထဲ ညမှောင်မှောင်မည်းမည်းထဲမှာ သူတို့ခေါင်းခေါင်မိုးများ ပေါ်တက်နေကြသည်။ ဆက်သွယ်ရေးလိုင်းများ ပြန်ကောင်းအောင် လုပ်နေကြရသည်။ အလွန်လေးလံသော သွပ်ပြားများ၊ သံချောင်းများ၊ ဆန်အိတ်များအပါအဝင် ပစ္စည်းမျိုးစုံကို ထမ်းပိုးသယ်ယူတင်/ချပေးနေရသည်။ လွှဝိုင်းများမှာ စက်သံများ ညံနေသည်။ နေပူမိုးရွာမရှောင် ရေဖြန့်ဝေရေး လုပ်ငန်းများ လုပ်ကိုင်ပေးနေကြသည်။



စစ်တွေမြို့သို့ ပို့ဆောင်ပေးထားသော ရွှေ့ပြောင်းသစ်စက်များ။

ဆိုတော့ကာ သူတို့အားလုံး အပင်ပန်းခံ၍ စိတ်ရင်းစေတနာကောင်းစွာ လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများကို ကိုယ်တိုင်ကိုယ်ကျလည်း တွေ့မြင်နေရသည်မို့ ဂုဏ်ပြုရေးသားနေခြင်း ဖြစ်သည်။ အရေးကြီးလုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြရသည့် လျှပ်စစ်၊ ပညာရေး၊ ကျန်းမာရေးဝန်ကြီးဌာနများအကြောင်းအရင်ရေး၍ ပြီးမှ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကြားထဲမှာ အမှတ်စဉ် (၆) အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဖြတ်ဝင်သွားသည်ကတော့ ရခိုင်ပြည်နယ်ဇာတိဖွား (၃၂) ကြိမ်မြောက် ဆီးဂိမ်းမှာ ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ ကွင်းလယ်ကစားသမား၊ ကျောနံပါတ် (၆) နော်ထက်ထက်ဝေ၊ ဂျူဒိုနှင့် ပိုက်ကျော်ခြင်း အားကစားများ၌ ငွေနှင့်ကြေးတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုလို၍ ဖြစ်သည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အမှတ်စဉ်(၇)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အမှတ်စဉ် (၈) ဖြစ်သည်။

> ✳ **မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်လက္ခဏာများအတိုင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အနယ်နယ်အရပ်ရပ်က အပြေးအလွှား ရောက်ရှိလာကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ဂုဏ်ပြုလို၍ဖြစ်သည်။ ရာထောင်ချီ၍ ရောက်ရှိလာကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများ၊ ပို့/ဆက်ဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ မိုးထဲလေထဲမှာ ညမှောင်မှောင်မည်းမည်းထဲမှာ သူတို့ခေါင်မိုးများပေါ် တက်နေကြသည်။ ဆက်သွယ်ရေးလိုင်းများ ပြန်ကောင်းအောင် လုပ်နေကြရသည်။ အလွန်လေးလံသော သွပ်ပြားများ၊ သံချောင်းများ၊ ဆန်အိတ်များ အပါအဝင် ပစ္စည်းမျိုးစုံကို ထမ်းပိုးသယ်ယူ တင်/ချပေးနေရသည်။ လွှဝိုင်းများမှာ စက်သံများ ညံနေသည်။ နေပူမိုးရွာမရှောင် ရေဖြန့်ဝေရေးလုပ်ငန်းတွေ လုပ်ကိုင်ပေးနေ**

**မှတ်တမ်းပြု ဖော်ပြအပ်ပါသည်**

အမှတ်စဉ်(၁)ကို စရေးလိုက်ကတည်းက တောင်းပန်စရာကိစ္စက ပေါ်လာပါတော့သည်။ ဇွန် ၅ ရက်ထုတ် သတင်းစာတွေမှာ ဆောင်းပါးပါလာပြီး မကြာခင် ဖုန်းတစ်ခု ဝင်လာသည်။ ဖုန်းဆက်သူက ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်။ ညီလေး – မင်းရေးတဲ့အထဲမှာ ငါ့နာမည်လည်း မပါဘူး…တဲ့။ ဟုတ်ပဲ့ဗျာ၊ သွားရောပဲ…။ စစ်တွေတွင် လာရောက်တာဝန်ထမ်းဆောင်နေသော ဒုတိယဝန်ကြီးများ၏ အမည်နှင့် ဝန်ကြီးဌာနတွေကို ထည့်ရေးတဲ့နေရာမှာ အစည်းအဝေးခန်းမထဲ၌ထိုင်နေသူ ဒုတိယဝန်ကြီးများကို အစဉ်လိုက်ရေတွက်ပြီး ချရေးလိုက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှာ အစ်ကိုကြီးရဲတင့်က နေပြည်တော်သို့ ခေတ္တပြန်ရောက်နေချိန်ဖြစ်၍ ကျန်သွားခြင်းပင်၊ ပြောရလျှင် ကျွန်တော်တို့ထက်ပင် စစ်တွေသို့ စောရောက်နေပါသေးသည်။ ခွင့်လွှတ်ပါခင်ဗျား ဟူ၍သာ…။

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါ်သက်သက်ခိုင်တို့ တာဝန်ဖြင့် နေပြည်တော်သို့ ခေတ္တပြန်လည်ရောက်ရှိနေခိုက်မှာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကွပ်ကဲဆောင်ရွက်လျက်ရှိသည်။ ဒုတိယဝန်ကြီးများဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် လှမွန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒေါက်တာအောင်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဦးထွန်းအုံ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးအေးကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဝင်းဖေ၊ ပညာရေးဝန်ကြီးဌာနမှ ဒေါက်တာမိုးဇော်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးစိုးကြည်တို့ကလည်း မိမိတို့ဝန်ကြီးဌာနအလိုက် ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နေသည်။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ်တိုးရီနှင့် ဗိုလ်ချုပ်ဇင်မင်းထက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့လည်း လာရောက်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးကိုကိုလှိုင်၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာညွန့်ဖေ၊ ဦးအောင်သော်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ကလည်း စစ်တွေမြို့သို့ ရောက်ရှိလာကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းတာဝန်များ၊ ရုံးများ ပြန်လည်တည်ဆောက်ပြုပြင်ရေးနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

**ဂုဏ်ပြုလိုက်ရပါသည် ကိုဇော်လတ်**

ကျွန်တော် ဒီကနေ့ ရေးသားတင်ပြမည့် အကြောင်းအရာမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ချက်များပဲ ဖြစ်သည်။ ကိုဇော်လတ်ကယင်းဝန်ကြီးဌာန၏ ဝန်ထမ်းတစ်ဦး၊ စစ်တွေမြို့သို့ ရောက်ရှိနေသော သစ်ထုတ်လုပ်ရေးအဖွဲ့တစ်ခုမှ ဝိုင်းဆရာ ဖြစ်သည်။ တာဝန်ကျနေရာ၌ လွှဝိုင်းများကို ကြီးကြပ်ဆောင်ရွက်နေစဉ် မေ ၃၁ ရက် ညနေ ၅ နာရီ ၃၅ မိနစ်အချိန်တွင် ဦးနှောက်သွေးကြောပြတ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ သူ၏နောက်ဆုံးခရီးကို အောင်လံမြို့ရှိ မိသားစုဝင်များက ပြုလုပ်ပေးနိုင်ရေးအတွက် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ကိုဇော်လတ်၏ မိသားစုဝင်များမှာ ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းဌေး (မှီခို)၊ သမီးကြီး ချိုသဲဦး (၂၀၂၃ ခုနှစ်–တက္ကသိုလ်ဝင်စာမေးပွဲအောင်)၊ သမီးငယ် မေသဲဖူးဇော်(ပဉ္စမတန်း) တို့ဖြစ်ကြသည်။ သမီးကြီး ချိုသဲဦး၏ ပညာရေးခရီးလမ်း အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးသွားမည် ဖြစ်သည်။ မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် မိမိဝန်ကြီးဌာနမှ တာဝန်ယူထားရသော သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရင်း ကွယ်လွန်ခဲ့ရသည့် ကိုဇော်လတ်အား ဤဆောင်းပါးဖြင့် လေးစားစွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**သစ်ခွဲသားများ ဖြည့်ဆည်းပေးနိုင်ရေး ကြိုတင်ပြင်ဆင်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခြင်းခံရပါက ရခိုင်ဒေသ မြို့ရွာများ အနည်းနှင့်အများဆိုသလို ပျက်စီးဆုံးရှုံးနိုင်ခြေကို ကြိုတင်တွက်ဆ၍ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့သစ်လုပ်ငန်းအား တာဝန်ပေးခဲ့သည်။ မြန်မာ့သစ်လုပ်ငန်းအနေဖြင့်လည်း မေ ၁၀ ရက်မှာပင် သစ်ခွဲသားများ ဖြည့်ဆည်းပေးရေးဦးစီးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ရှိသူများအား မေ ၁၂ ရက်တွင် စစ်တွေမြို့သို့ ကြိုတင်စေလွှတ်ကာ သစ်ခွဲသားများ စုဆောင်းထားရှိရေး မြေပြင်အကြိုလုပ်ငန်းစဉ်များ

*စာမျက်နှာ ၁၁ သို့*



စစ်တွေမြို့သို့ ပို့ဆောင်ပေးထားသော ရွှေ့ပြောင်းသစ်စက်များ၌ အလုပ်လုပ်နေသော သစ်ထုတ်လုပ်ရေး အဖွဲ့များကို တွေ့ရစဉ်။



သင်္ဘောကြီးများပေါ်မှ သစ်ခွဲသားများကို သယ်ယူနေကြစဉ်။

*စာမျက်နှာ ၁၀ မှ*

ဆောင်ရွက်စေခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ သစ်စက်များမှ လက်ရှိသစ်ခွဲသားများကိုလည်းကောင်း၊ သစ်ထုတ်လုပ်ရေးဌာန အစီအစဉ်ဖြင့် ခွဲသားဆိုဒ်စုံများကိုလည်းကောင်း ရန်ကုန်၌ အသင့်ရှိစေရေး စီစဉ်ဆောင်ရွက်ခဲ့သည်။

**ရွှေ့ပြောင်းသစ်စက်များအား စစ်တွေသို့ ပို့ဆောင်**

ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၏ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ သစ်စက်များမှ ရွှေ့ပြောင်းသစ်စက် (Mobile Sawmill) များအဖြစ် စစ်တွေမြို့သို့ ၁၀ စုံ ပေးပို့ခဲ့သည်။ ယင်းသို့ ပေးပို့ခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီး အမှတ်(၃၈) သစ်စက်ဘုရားလေးမှ သုံးပေဝိုင်းခုံ တစ်စုံ၊ လေးပေဝိုင်းခုံနှစ်စုံ၊ အမှတ်(၉၆) သစ်စက်အောင်လံမှ သုံးပေဝိုင်းခုံတစ်စုံ၊ လေးပေဝိုင်းခုံ တစ်စုံ၊ အမှတ် (၃၀) သစ်စက် နတ်တလင်းမှ လေးပေဝိုင်းခုံ တစ်စုံ၊ ရခိုင်ပြည်နယ်အမှတ် (၉၉) သစ်စက်တောင်ကုတ်မှ သုံးပေဝိုင်းခုံတစ်စုံ၊ လေးပေဝိုင်းခုံတစ်စုံ၊ ဧရာဝတီတိုင်းဒေသကြီး အမှတ် (၁၈) သစ်စက်ပုသိမ်မှ လေးပေဝိုင်းခုံ တစ်စုံ၊ အမှတ် (၁၀၆) သစ်စက်ရေကြည်မှ သုံးပေဝိုင်းခုံ တစ်စုံ စုစုပေါင်း ၁၀ စုံတို့ ဖြစ်သည်။ ယင်းသစ်စက်များကို ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောဖြင့်လည်းကောင်း၊ ရန်ကုန်- အောင်လံ- ပြည်- ပဒန်း-အမ်းလမ်းနှင့်တောင်ကုတ်-စစ်တွေ ကားလမ်းများမှလည်းကောင်း ပို့ဆောင်ပေးခဲ့သည်။ ယင်းရွှေ့ပြောင်းသစ်စက်များကို စစ်တွေမြို့ရှိ ဘက်စုံသုံးဆိပ်ကမ်းတွင် လေးစုံ၊ ပြည်နယ်အကူရဲတပ်ဖွဲ့ဝင်းထဲတွင် လေးစုံ၊ သစ်ဆိုင်ဝင်းတွင် နှစ်စုံဖြန့်ခွဲထားရှိ၍ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိသည်။

**ဝန်ထမ်းများ စုဖွဲ့စေလွှတ်**

အထက်ဖော်ပြပါသစ်စက်များ လည်ပတ်ခွဲစိတ်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းစုစုပေါင်း ၁၇၉ ဦးကို ရခိုင်ပြည်နယ် စစ်တွေမြို့သို့ စေလွှတ်ပေးခဲ့သည်။ ဝန်ထမ်းအင်အား များပြားသလို ရာထူးအခေါ်အဝေါ်တွေကလည်း စုံလင်လှ၏။ ရာထူးကြီးတာငယ်တာ အပေါ်အောက်တွေ အသာထား၊ ကျွန်တော်လေ့လာမိသမျှ ရေးချရလျှင် အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာ၊ လက်ထောက်အထွေထွေမန်နေဂျာ၊ ဒုလက်ထောက် ကြီးကြပ်ရေးမှူး၊ အငယ်တန်းလက်ထောက်၊ ဝိုင်းဆရာ၊ မီးသတ်တပ်ကြပ်၊ စက်ပြင်-၅၊ စက်မောင်း၊ လုပ်သား၊ သစ်စာရင်းကိုင်၊ ပစ္စည်းထိန်း၊ စက်မှုကျွမ်းကျင်၊ နေ့စားဝန်ထမ်း၊ မြဲလုပ်သား(အကူ) ဆိုတာတွေ တွေ့ရသလို သစ်တောဘက်ကလည်း သစ်အုပ်၊ ချောင်းခေါင်းများပါသည်။ ဆင်ဦးစီးက ချည်းပဲအယောက် ၂၀ တွေ့ရသည်။ ဆင်အုပ်နှင့် ဆင်ပဲ့ချိတ်ဆိုသော ရာထူးတွေကလည်း ခပ်ဆန်းဆန်းပင်။ နောက်ဆုံးမတော့ မည်သည့်ဖွဲ့စည်းပုံ၊ မည်သည့်ရာထူးနှင့်ပဲ ရောက်လာလာ၊ သူတို့၏အဓိကလုပ်ငန်းတာဝန်မှာ မုန်တိုင်းသင့်ဒေသများရှိ ဆေးရုံများ၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင်ရေး၊သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရေး၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်ရေး၊ ပျက်စီးသွားသော တံတားများ ပြုပြင်တည်ဆောက်နိုင်ရေးတို့အတွက် လိုအပ်သောသစ်များကို အမြန်ခွဲစိတ်ပေးပို့သွားရန်ပဲ ဖြစ်သည်။ သူတို့၏ စုပေါင်းစွမ်းအားကြောင့် စစ်တွေမြို့မှာ လွှဝိုင်းအသီးသီးက ထွက်ပေါ်လာသော စက်သံများဖြင့် ညံနေပါတော့သည်။

အထက်ဖော်ပြပါလွှဝိုင်း ၁၀ စုံ၊ ဝန်ထမ်း ၁၇၉ ဦးတို့ဖြင့် ဒေသ၏ သစ်လိုအပ်ချက်များကို လုံလောက်အောင် ဆောင်ရွက်ပေးရန် မလွယ်ကူပါ။ သည့်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စစ်တွေမြို့၌ ရွှေ့ပြောင်းသစ်စက်များနှင့် သစ်ခွဲသားများ ခွဲစိတ်ခြင်း၊ ရန်ကုန်မြို့မှ သင်္ဘောများဖြင့် သစ်ခွဲသားများ တင်ပို့ခြင်းတို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ အမ်း၊ မောင်တော၊ ပေါက်တော၊ တောင်ကုတ်နှင့် သံတွဲမြို့များမှ ပုဂ္ဂလိကပိုင်သစ်စက်များကို ငှားရမ်း၍ သစ်ခွဲသားများ ခွဲစိတ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို စီမံဆောင်ရွက်ပေးနေသည်။ စုစုပေါင်းပုဂ္ဂလိကသစ်စက် ၂၂ ခု ပါဝင်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရသည်။

**သစ်ခွဲသားများ ဖြန့်ဖြူးပို့ဆောင်ပေး**

ရန်ကုန်မှ သစ်ခွဲသားများကို M.V AQUARIUS၊ M.V FORTUNE ၊ MCL-5 ၊ MCL-3 ၊ M.V CHARITY၊ ဝိရူပက္ခအစရှိသော ရေယာဉ်ကြီးများဖြင့် တင်ဆောင်၍ စစ်တွေသို့ ပို့ဆောင်ပေးသည်။ ထိုနည်းတူစွာ ရခိုင်ပြည်နယ်အတွင်းရှိ တောင်ကုတ်၊ သံတွဲ၊ အမ်းမြို့များမှ သစ်ခွဲသားများကိုလည်း တပ်မတော်ရေယာဉ်များ၊ ပုဂ္ဂလိကပိုင်ရေယာဉ်များ၊ သစ်တင်ယာဉ်များဖြင့် စစ်တွေမြို့သို့အရောက် ပို့ဆောင်ပေးသည်။ ရောက်ရှိလာသော သစ်များ၊ စစ်တွေတွင် ခွဲစိတ်နေသော သစ်များကို မိုခါမုန်တိုင်း ဒဏ်အများဆုံးခံခဲ့ရသည့် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦးနှင့် မောင်တောမြို့နယ်များသို့ စနစ်တကျ ဖြန့်ဝေပေးပို့လျက်ရှိသည်။

**မြို့သန့်ရှင်းရေးအတွက် ကူညီဆောင်ရွက်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် လိုအပ်သောသစ်ခွဲသားများကို အချိန်မီ ထုတ်လုပ်ဖြန့်ဖြူးပေးရေး ဆိုသည့် အဓိကလုပ်ငန်း တာဝန်အပြင် စစ်တွေမြို့သန့်ရှင်းသာယာလှပရေးအတွက် ပြန်လည်ရှင်းလင်းဆောင်ရွက်နေသည့် လုပ်ငန်းများမှာလည်း ပါဝင်ထမ်းဆောင်နေသည်။ ထိုသို့ပါဝင်ဆောင်ရွက်နိုင်ရန် Loader ယာဉ်လေးစီးကို ယာဉ်မောင်းရှစ်ဦးဖြင့်လည်းကောင်း၊ Chain Saw/စက်လွှ ၂၄ လက်ကို ဝန်ထမ်း ၂၈ ဦးဖြင့်လည်းကောင်း ပါဝင်ထမ်းဆောင်လျက်ရှိသည်။

**သစ်ပင်များပြန်လည်စိုက်ပျိုးရန် စီမံချက်ရေးဆွဲဆောင်ရွက်**

နိုင်ငံတော်အကြီးအကဲ၏ မေ ၁၅ ရက် ရခိုင်ပြည်နယ်ခရီးစဉ်၌ အုန်းပင်အပါအဝင် ဒေသနှင့်ကိုက်ညီသော မုန်တိုင်းဒဏ်ခံ အပင်များကို ပြန်လည်စိုက်ပျိုးသွားရန် လမ်းညွှန်မှာကြားခဲ့သည်။ ယင်းလမ်းညွှန်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် ပြည်နယ်မြို့တော် စစ်တွေတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းစီမံချက်ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့်အညီ ရေးဆွဲခဲ့ပါသည် -

(က) စစ်တွေမြို့ ပြန်လည်စိမ်းလန်းစိုပြည် သာယာလှပလာစေရန်၊

(ခ) ဆိုင်ကလုန်းမုန်တိုင်း အပါအဝင် အခြား သဘာဝဘေးအန္တရာယ်များအား တားဆီးကာကွယ်နိုင်ရန်၊

(ဂ) ရာသီဥတု ကောင်းမွန်မျှတပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်၊

(ဃ) ရခိုင်ပြည်နယ်၏ သစ်တောဖုံးလွှမ်းမှုကို တိုးတက်လာစေရန်။

ယင်းစီမံချက်အရ စစ်တွေမြို့နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရန်နှင့် သဘာဝဘေးဒဏ်ခံနိုင်ရန်အတွက် လေကာပင်များ၊ အရိပ်ရပင်များ၊ အမြဲစိမ်းအပင်များ၊ အကြီးမြန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်သည့်ပန်းပင်များ၊ ဒီရေတောပင်များ စုစုပေါင်းအပင် ၂၀၄၂၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ရေသင်းဝင်၊ ပင်လယ်ကဗွီး၊ အုန်း၊ ဗာဒံ၊ ခရေ၊ သင်္ဘောတည်၊ ရေတမာ၊ ပျဉ်းမ စသည့်အပင်မျိုးများ၊ ဒီရေတောအပင်များဖြစ်သည့် ဖြူးခြေထောက်၊ သမဲ့ကြီး၊ လမု စသည့်အပင်များသည် အရွက်သေး၍ ရေသောက်မြစ်ရှည်ခြင်း၊ ဘေးမြစ်များ ရှည်လျားပြန့်ကားပြီး မြေဆီလွှာတွင် ခိုင်မြဲစွာကုပ်တွယ်နိုင်ခြင်း၊ ပင်စည်နှင့် ကိုင်းတက်များ ယိမ်းနွဲ့ကွေးညွတ်မှု အားကောင်းခြင်း၊ အပင်လတ်အမျိုးအစား ဖြစ်ပြီး သင့်တင့်သော ရွက်အုပ်အရွယ်အစားရှိခြင်းတို့ကြောင့် လေပြင်းမုန်တိုင်းဒဏ် ခံနိုင်ပြီး ပျက်စီးမှုနည်းပါးကြကြောင်း သိရသည်။ ထိုအပင်များကိုလည်း နေရာကိုက်ညီစွာ စိုက်ပျိုးပေးသွားမည်ဖြစ်သည်။

သစ်ပင်ကိုခုတ်၊ သစ်များကိုထုတ်ပြီး ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသလို ရခိုင်ဒေသတစ်ခွင် ပြန်လည်စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် သူတို့ ကူညီပေးကြပါဦးမည်။ ဖြစ်ထွန်းလာမည့် သစ်တောသစ်ပင်များကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြရင်း ရခိုင်တိုင်းရင်းသားသွေးချင်းများအားလုံးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများအား ကျေးဇူးတင်စွာ အမှတ်ရနေကြလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ ။



# အုတ်တွင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးနေမှု လက်တွေ့သရုပ်ပြသ

**အုတ်တွင်း ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ Drum Seeder စနစ်ဖြင့် မိုးစပါးစိုက်ပျိုးနေမှု လက်တွေ့သရုပ်ပြသခြင်းကို ဇွန် ၂၈ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာ ရန်ကုန်-မန္တလေးလမ်းဘေးရှိ တောင်သူဦးညွန့်ဝေ၏ မိုးစပါး စိုက်ပျိုးမည့်လယ်မြေ ၁၂ ဧကကို Drum Seeder စနစ်ဖြင့် စိုက်ပျိုးနေမှုသရုပ်ပြသခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က မိုးစပါးစိုက်ပျိုးမှုသရုပ်ပြသခြင်းကို မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုသည်။

**ကိုမင်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၈) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၉**

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၈) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။




ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ သည်။

အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ဦးစားပေး လုပ်ငန်းစဉ်များဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် Mr. Dian Triansyah Djani နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေး ဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainu-ddin Yahya တို့က ပူးတွဲဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေ နိုင်ငံတို့မှ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၈) ကြိမ်မြောက် အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ ဘီလင်တွန်း၌ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၇) ကြိမ်မြောက် အစည်းအဝေး၏ အစီရင်ခံစာနှင့် ဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြပြီး အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် စာတမ်းနှင့် နောက်ဆက်တွဲစာတမ်းများ ရေးဆွဲရေးအတွက် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက်"တက်ကြွ၍ကြံ့ခိုင်မှုရှိသော ပြည်သူဗဟိုပြုအာဆီယံ" ဆောင်ပုဒ်ဖြင့် ရေးသားပြုစုမည့် အာဆီယံမျှော်မှန်းချက်စာတမ်း ၂၀၄၅ မူကြမ်းပါချက်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယ ဝန်ကြီးက အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန်မျှော်မှန်းချက် စာတမ်းသည် အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးက မှတ်တမ်းတင်ခဲ့သည့် အဓိက သဘောတရားများ (Core Ele-ments)ကို အခြေခံသင့်ကြောင်း၊ မျှော်မှန်းချက်စာတမ်း မူကြမ်း ရေးဆွဲရာတွင် အာဆီယံအသိုက်အဝန်း၏ အခြားမဏ္ဍိုင် (၂) ရပ်ဖြစ်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်နှင့် အာဆီယံ လူမှု - ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်တို့နှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

ထို့ပြင် အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံ၏ အခြားစာချုပ်စာတမ်းများတွင် ပြဋ္ဌာန်းထားသည့်အခြေခံမူများ၊ စံနှုန်းများ၊ ရည်ရွယ်ချက်များကိုလေးစားလိုက်နာခြင်းသည် ဒေသတွင်း မတူညီ ကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု ရှိစေနိုင်မည် ဖြစ်ကြောင်း၊ အာဆီယံကို နိုင်ငံတကာမှ အသိအမှတ်ပြုရသည့် အဖွဲ့အစည်းအဖြစ် ဆက်လက် ထိန်းသိမ်းနိုင်ရန် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါမျှော်မှန်းချက်စာတမ်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာတွင် ပြုလုပ်မည့် အာဆီယံထိပ်သီး အစည်းအဝေးသို့ အချိန်မီတင်ပြရန် အပြီးသတ်ရေးဆွဲမည့်လမ်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ဆက်လက်ဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်ရှိ လိုအပ်သောနေရာများသို့ ကြက်ခြေနီက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်

**ကျောက်တော် ဇွန် ၂၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ရခိုင်ပြည်နယ်ရှိ လိုအပ်သောနေရာများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်လျက်ရှိရာ ကျောက်တော်မြို့နယ် ကြာညီပြင်ကျေးရွာ၊ သရက်တပင်ကျေးရွာ၊ သိန်းတန်းကျေးရွာ၊ ပြင်လှကျေးရွာနှင့် စနစ်သစ်ကျေးရွာတို့မှ ဒေသခံပြည်သူများအတွက် အသင်းမှထောက်ပံ့သည့် အစားအစာမဟုတ်သော ပစ္စည်းများနှင့် သောက်ရေသန့်ကတ်များ၊ ခေါက်ဆွဲခြောက်နှင့် ကြက်အုချောင်းများကို ရခိုင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ထွေးနှင့် ရခိုင်ပြည်နယ်စီမံချက်များ စီမံခန့်ခွဲရေးယူနစ် ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်း ဦးဆောင်ပြီး ကြက်ခြေနီဝန်ထမ်းများ၊ ဒေသခံကြက်ခြေနီ စေတနာလုပ်အားရှင်များက ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် သွားရောက် ထောက်ပံ့ပေးခဲ့သည်။



ထိုသို့ ထောက်ပံ့ပေးဝေရာတွင် အဆိုပါကျေးရွာများမှ အိမ်ထောင်စုပေါင်း ၁၅၀ အတွက် မိသားစုသုံးပစ္စည်း ၉၁ ပုံး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း အိတ် ၁၅၀၊ အမျိုးသားတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၁၃၃ အိတ်၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၁၃၇ အိတ်၊ ဆပ်ပြာတောင့် ၁၅၀ ၊ ကလေး (တစ်နှစ်ခွဲမှ နှစ်နှစ်ခွဲ) အဝတ်အထည် ၆၁ ထုပ်၊ လက်သမားသုံး အိမ်ဆောက်ပစ္စည်းအိတ် ၄၆ အိတ်၊ မီးဖိုချောင်သုံးပစ္စည်း ၅၉ ပုံး၊ တာပေါ်လင် စ ၁၁၈ စ၊ ခြင်ထောင် ၅၉ လုံး၊ စောင် ၅၉ ထည်၊ ၂၀ လီတာဆံ့ သောက်ရေထည့်ပုံး ၁၅၀၊ တစ်လီတာ ခြောက်ဘူးပါ သောက်ရေသန့်ကတ် ၁၅၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၅၀၀၊ ကြက်အုချောင်းထုပ် ၁၅၀ တို့ကို ထောက်ပံ့ကူညီပေးခဲ့ပြီး ဒေသခံပြည်သူများကို ကြက်ခြေနီအကြောင်း၊ သိကောင်းစရာနှင့် သန့်လေးသန့် ကျန်းမာရေးအသိပညာပေး ဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် အကူအညီလိုအပ်နေသည့် နေရာများသို့ စားနပ်ရိက္ခာများ၊ ရေနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ၊ အမိုးအကာများ၊ အဝတ်အထည်များနှင့် ငွေသားများ ထောက်ပံ့ကူညီနိုင်ရန် ဆက်လက်ချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းအောင်(ကြက်ခြေနီ)
ဓာတ်ပုံ - ထွန်းအောင်ကျော် (ကြက်ခြေနီ)



## လားရှိုးမြို့၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူနည်းသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူနည်းသင်တန်းကို ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ငါးဆေးထိုးသားဖောက်နည်းအဆင့်ဆင့်နှင့် မျိုးငါးရွေးချယ်မှု၊ ငါးမွေးမြူရေးအတွက် ရေ၊ မြေရွေးချယ်မှု၊ ငါးသားပေါက်ပြုစုကန်နှင့် အသားတိုးမွေးမြူရေးကန်တူးဖော်မှု၊ အစာကျွေးနည်းစနစ် မှန်ကန်ရေးနှင့် ရေအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရမည့်အချက်များကို လားရှိုးခရိုင်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများက နှစ်ရက်ကြာ ဆွေးနွေးပို့ချဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီတွင် ပြည်သူများ သစ်ပင်စိုက်ပျိုးနိုင်စေရန်နှင့် စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ရည်ရွယ်၍ ဇွန် ၂၉ ရက် နံနက်ပိုင်းက မိုးမောက်မြို့ မြို့မဈေးရှေ့နှင့် လူစည်ကားရာနေရာများ၌ မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးလင်းနှင့် ဝန်ထမ်းများက စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## ဖျာပုံမြို့၌ ငါးရိက္ခာဖူလုံစေရေး ပင်လယ်ငါးမုတ်ငါးများ ဈေးနှုန်းသက်သာစွာရောင်းချ

**ဖျာပုံ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များ ပူးပေါင်း၍ ပြည်သူများ ငါးရိက္ခာဖူလုံစေရန်၊ ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်အတွက် ပင်လယ်ငါးမုတ်ငါး ပိဿာချိန် ၅၀ ကို ဇွန် ၂၈ ရက်က အမှတ်(၁၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးကိုကိုလွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များက အိမ်ထောင်စုတစ်စုလျှင် ငါး ၅၀ ကျပ်သား (တန်ဖိုးငွေကျပ် ၃၀၀၀)နှုန်းဖြင့် ရောင်းချပေးရာ ပင်လယ်ငါးမုတ်



ပိဿာချိန် ၅၀ ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနရုံးမှ သိရသည်။

အောင်ဝင်းနိုင် (ဖျာပုံ)

# အမေရိကန်တောင်ပိုင်း၌ အပူလှိုင်းကျရောက်လျက်ရှိပြီး လူ ၁၇ ဦးသေဆုံး

**ဝါရှင်တန် ဇွန် ၂၉**

အမေရိကန်တောင်ပိုင်းပြည်နယ်များ၌ အပူလှိုင်းကျရောက်နေချိန်တွင် တက္ကဆက်ပြည်နယ်တွင်လည်း အပူလှိုင်းအန္တရာယ်နှင့် ဆက်လက်ရင်ဆိုင်နေရပြီး အပူလှိုင်းအန္တရာယ်ကြောင့် လူပေါင်း ၁၇ ဦးထက်မနည်း သေဆုံးခဲ့သည်။

တက္ကဆက်တောင်ပိုင်း ဝက်ဘ်စီရင်စုနယ်မြေတွင် ပုံမှန်မဟုတ်သော အပူချိန်ပြင်းထန်မှုကြောင့် အသက် ၆၀ ကျော်ဒေသခံ ၁၁ ဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာစစ်ဆေးသူ ဒေါက်တာ ကိုရင်စတန်းက ဇွန် ၂၈ ရက်က ပြောကြားခဲ့သည်။

ယခုလို အပူချိန်ပြင်းထန်မှုမျိုးကို မိမိတို့ ယခင်က မတွေ့ဖူးခဲ့ကြောင်း စတန်းက ပြောသည်။ အပူလျှပ်ခြင်းကြောင့် သေဆုံးခြင်းကို အဓိပ္ပာယ်အားဖြင့် မတော်တဆမှုအဖြစ် သတ်မှတ်ထားသော်လည်း ကြိုတင်ကာကွယ်၍ ရနိုင်ကြောင်း၊ ယခုသေဆုံးခြင်းများကို ကြိုတင်ကာကွယ်နိုင်ကြောင်း ၎င်းက ပြောသည်။

ဖလော်ရီဒါမှ အသက် ၁၄ နှစ်အရွယ် အမျိုးသားတစ်ဦးလည်း အပူချိန်ပြင်းထန်မှုကြောင့် သေဆုံးခဲ့ကြောင်း၊ ၎င်းသေဆုံးချိန်တွင် အပူချိန်မှာ ၁၁၉ ဒီဂရီဖာရင်ဟိုက် (၄၈ ဒီဂရီဆဲလ်စီးယက်စ်) ရှိကြောင်း သိရပြီး အဆိုပါပြည်နယ်အတွင်း ဒုတိယအကြိမ် မှတ်တမ်းတင်ဖော်ပြရမည့် အမြင့်ဆုံးအပူချိန်ဖြစ်ခဲ့သည်။

အပူချိန်ပြင်းထန်မှုကြောင့် တက္ကဆက်ပြည်နယ်မှ အသက် ၁၇ နှစ်အရွယ် တောင်တက်သမားတစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။ ဒဲလက်စ်ပြည်နယ်မှ စာပို့သမားတစ်ဦးနှင့် လူဝီစီယားနားကမ်းရိုးတန်းပြည်နယ်မှ ဒေသခံနှစ်ဦးလည်း သေဆုံးခဲ့သည်။

တက္ကဆက်ပြည်နယ်အတွင်း အပူချိန်မြင့်တက်နေချိန်တွင် အသက် ၃၀ ဝန်းကျင် အမျိုးသားနှစ်ဦး အပါအဝင်အကျဉ်းသားကိုးဦးလည်းသေဆုံးခဲ့သည်။



စတန်း၏ ပြောကြားချက်အရအပူချိန်မြင့်တက်မှုနှင့်ပတ်သက်သော သေဆုံးမှုများသည် အမေရိကန် - မက္ကဆီကိုနယ်စပ်အနီးတွင်လည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

အမေရိကန်မိုးလေဝသဌာနက ဇွန် ၂၉ ရက်နှင့် ၃၀ ရက်များတွင် တက္ကဆက်ပြည်နယ်၌ အပူချိန်မှာ ၁၁၀ မှ ၁၁၅ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်လာနိုင်ကြောင်း ပြောသည်။ ထို့အတူ အာကန်းဆက်၊ လူဝီစီယားနား၊ ကန်းဆက်စ်နှင့် အိုကလာဟိုးမားတို့တွင်လည်း အပူချိန်များ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင် ဆိုက်ဘာရာဇဝတ်မှု ဖမ်းဆီးမှုအတွင်း လူပေါင်း ၂၇၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့

**မနီလာ ဇွန် ၂၉**

မနီလာမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်း လူမှောင်ခိုကူးခံထားရသည့် လူပေါင်း ၂၇၀၀ ကျော်ကို ဆိုက်ဘာရာဇဝတ်မှု စီးနင်းဖမ်းဆီးမှုအတွင်း ကယ်တင်နိုင်ခဲ့သည်။ ၎င်းတို့သည် လူမှုကွန်ရက်ဆိုရှယ်မီဒီယာတွင် တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်းဆိုဒ်များ၌ အလုပ်လုပ်ရမည်ဟူသော ကြော်ငြာအလိမ်များကြောင့် လိမ်ညာခံခဲ့ရသည်ဟု ပြောသည်။



ဇွန် ၂၇ ရက်က အာဏာပိုင်များသည် လက်စ်ပိုင်းနက်စ်ရှိ စီးပွားရေးအဆောက်အအုံ ခုနစ်လုံးကို ဝင်ရောက်စီးနင်းခဲ့သည်။ ဆိုက်ဘာ ရာဇဝတ်မှုများကို ပစ်မှတ်ထားကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ထိုသို့ စီးနင်းစဉ် အဆောက်အအုံအတွင်းလက်နက်များ၊ ဒစ်ဂျစ်တယ်အထောက်အထားများကို တွေ့ရှိခဲ့သည်။ ကယ်တင်ခံရသူများ၏ တစ်ဝက်ခန့်မှာ ဖိလစ်ပိုင်များဖြစ်ကြပြီး ၁၇ ဦးမှာမူ အခြားသောနိုင်ငံများမှဖြစ်သည်။

အဆိုပါ ၁၇ ဦးမှာ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ ဖြစ်ကြသည်။ ဆိုက်ဘာရာဇဝတ်မှုများ အုပ်စုများနှင့် ဆက်နွယ်သည့်လူကုန်ကူးမှုများမှာ အရှေ့တောင်အာရှတွင် များပြားလာလျက်ရှိသည်။ လုပ်ငန်းခွင်အခြေအနေ ကောင်းမွန်သည်၊ လစာကောင်းကောင်းရသည်ဟုဆိုကာ အလိမ်အညာကြော်ငြာများဖြင့် ကမ္ဘာတစ်ဝန်းမှ လူများကို ဆွဲဆောင်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# သြစတြေးလျနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၂၀၂၁ ခုနှစ်တွင် စံချိန်တင်မြင့်မားခဲ့

**ကင်ဘာရာ ဇွန် ၂၉**

သြစတြေးလျနိုင်ငံ၌ ၂၀၂၁ ခုနှစ်အတွင်း ကလေးမွေးဖွားနှုန်း စံချိန်တင်မြင့်မားခဲ့သည်ဟု အစိုးရအချက်အလက်များအရ သိရသည်။

၂၀၂၁ ခုနှစ်တွင် သြစတြေးလျ၌ ကလေး ၃၁၅၇၀၅ ဦး မွေးဖွားခဲ့သည်ဟု သြစတြေးလျ ကျန်းမာရေးနှင့် လူမှုဖူလုံရေးအင်စတီကျူ၏ ဇွန် ၂၉ ရက် ထုတ်ပြန်ချက်အရ သိရသည်။ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ကလေးမွေးဖွားနှုန်းမှာ ၆ ဒသမ ၇ ရာခိုင်နှုန်းတိုးလာသည်ဟု သိရသည်။

၂၀၂၁ ခုနှစ်အတွင်း ကလေးမွေးဖွားနိုင်သည့် အမျိုးသမီးဦးရေမှာ ၁၀၀၀ တွင် ၆၁ ဦးရှိပြီး ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၅၆ ဦးတိုးလာသည်။ ၂၀၂၁ ခုနှစ်တွင် ကလေးမွေးဖွားသည့် အမျိုးသမီးလေးဦးတွင် တစ်ဦးမှာ အသက် ၃၅ နှစ်နှင့်အထက် ရှိသည်ဟု သိရသည်။

အသက်အရွယ်ကြီးလာပါက ကိုယ်ဝန်ဆောင်ခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးအခြေအနေမှာ အန္တရာယ်များသော်လည်း အသက် ၃၅ နှစ်နှင့်အထက် ကိုယ်ဝန်ဆောင်များလည်းရှိသည်။

ဆင်ဟွာ



# ဗီယက်နမ်နိုင်ငံက ယခုနှစ်ပထမနှစ်ဝက်အတွင်း နိုင်ငံတကာခရီးသည် ၅ ဒသမ ၆ သန်းနီးပါးလက်ခံရရှိ

**ဟနွိုင်း ဇွန် ၂၉**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမနှစ်ဝက်အတွင်း နိုင်ငံတကာခရီးသည် ၅ ဒသမ ၆ သန်းနီးပါး လက်ခံရရှိကြောင်း အထွေထွေစာရင်းအင်းရုံးမှ ဇွန် ၂၉ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံသို့ လေကြောင်းဖြင့် ရောက်ရှိလာသည့် နိုင်ငံခြားခရီးသည် ၈၇ ဒသမ ၆ ရာခိုင်နှုန်း၊ မြေပြင်လမ်းကြောင်းဖြင့် လာရောက်သူ ၁၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် ပင်လယ်ရေကြောင်းဖြင့် လာရောက်သူ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ပထမ ခြောက်လအတွင်း လာရောက်လည်ပတ်သူ အများစုမှာ အာရှမှဖြစ်ပြီး လာရောက်သူ ၇၅ ဒသမ ၂ ရာခိုင်နှုန်း၊ ယင်းနောက် ဥရောပနှင့် အမေရိကန်တို့မှဖြစ်ကြောင်း အချက်အလက်များအရ သိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီလမှ ဇွန်လအတွင်း ဗီယက်နမ် ခရီးသွားလုပ်ငန်းအတွက် အကြီးမားဆုံးဈေးကွက်မှာ တောင်ကိုရီးယားအပါအဝင် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဇွန်လ တတိယပတ်တွင် ယီမင်နိုင်ငံမှ မြေမြှုပ်မိုင်း ၈၈၀ ကို ဆော်ဒီမိုင်းရှင်းလင်းရေးအဖွဲ့ ရှင်းလင်း

**အေဒင် ဇွန် ၂၉**

ဇွန်လ တတိယပတ်တွင် ယီမင်နိုင်ငံမှ မြေမြှုပ်မိုင်းပေါင်း ၈၈၀ ကို ဖြုတ်သိမ်းခဲ့သည်ဟု ယီမင်နိုင်ငံရှိ မိုင်းရှင်းလင်းရေးအဖွဲ့အစည်းက ပြောသည်။ ဆော်ဒီမိုင်းရှင်းလင်ရေးစီမံကိန်း (မာဆမ်) သည် ၂၀၁၈ ခုနှစ်မှစတင်ကာ မြေမြှုပ်မိုင်းပေါင်း ၄၀၅၂၁၃ ကို ရှင်းလင်းဖယ်ရှားနိုင်ခဲ့သည်ဟု ဆာဘားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ယီမင်နိုင်ငံ၏ မိုင်းရှင်းလင်းရေးအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြုလုပ်သည့် မိုင်းရှင်းလင်းရေးအစီအစဉ်မှာ တိုင်းပြည်အတွင်း ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ပိုမိုလုံခြုံစိတ်ချရသည့် လူမှုအသိုင်းအဝိုင်းဖန်တီးရန်ဖြစ်သည်။

ယီမင်စစ်ပွဲအတွင်း လက်နက်ကိုင်အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းများစွာကို တပ်ဆင်ထားခဲ့ပြီး အရပ်သားများအတွက် အန္တရာယ်များ ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၄ ခုနှစ် ယီမင်နိုင်ငံတွင် စစ်ပွဲများစတင်သည့်အချိန်မှစတင်ကာ မြေမြှုပ်မိုင်းအရေအတွက် တစ်သန်းကျော်ကို ချထားခဲ့သည်ဟု ယီမင်နိုင်ငံ၏ မိုင်းရှင်းလင်းရေးအဖွဲ့အစည်းမှ ကျွမ်းကျင်သူများက ပြောသည်။

ဆင်ဟွာ



# ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီး နန်ကျင်းစီးပွားရေးဇုန်တည်ဆောက်ရေး ဆွေးနွေးရန်အတွက် တရုတ်နိုင်ငံမှ ကောင်စစ်ဝန်တစ်ဦးပါဝင်သည့်အဖွဲ့အား နယ်ခြားစောင့်တပ်မှပစ်ခတ်သည်ဟု မီဒီယာများ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ဖြေကြားချက်




ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးတွင် နန်ကျင်းစီးပွားရေးဇုန်တည်ဆောက်ရန် ဆွေးနွေးဖို့အတွက် တရုတ်နိုင်ငံမှ ကောင်စစ်ဝန်တစ်ဦးပါဝင်သည့် အဖွဲ့အား နယ်ခြားစောင့်တပ်မှပစ်ခတ်သည်ဟု မီဒီယာများ၏ စွပ်စွဲချက်နဲ့ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလို ဖြေကြားထားပါတယ်။

ကချင်ပြည်နယ် မြစ်ကြီးနားသတင်းနှင့် ပတ်သက်ပြီး တချို့မီဒီယာတွေ မေးမြန်းတာရှိခဲ့တယ်။ တချို့မီဒီယာများ၊ ပြည်ပမီဒီယာများကလည်း မဟုတ်မမှန် ထုတ်လွှင့်တာလည်းရှိတယ်။ ဇွန်လ ၂၇ ရက်နေ့မှာ တရုတ်နိုင်ငံကောင်စစ်ဝန်တစ်ဦး ပါဝင်တဲ့အဖွဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးမှာ တည်ဆောက်မယ့် နန်ကျင်းစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ မြစ်ကြီးနားကို ထွက်ခွာလာတဲ့အချိန်မှာ ပစ်ခတ်ခံရတယ်။ ပစ်ခတ်တဲ့အဖွဲ့ကလည်း နယ်ခြားစောင့်တပ်ဖွဲ့ဖြစ်တယ်လို့ စွပ်စွဲမဟုတ်မမှန်လုပ်ကြံတဲ့ သတင်းများကို တွေ့ရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မီဒီယာများကလည်း ကျွန်တော့်ကို မေးမြန်းထားတာရှိပါတယ်။ ဖြစ်စဉ်ကတော့ တရုတ်နိုင်ငံက ကောင်စစ်ဝန်လည်း မဟုတ်ပါဘူး။ သူတို့ပြောနေတဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ နန်ကျင်းစီးပွားရေးဇုန်နဲ့ပတ်သက်တဲ့ကိစ္စလည်း မဟုတ်ပါဘူး။ နယ်ခြားဒေသမှာ တပ်မတော်အချင်းချင်း ပုံမှန်လစဉ် ဆွေးနွေးနေတဲ့ ဆွေးနွေးမှုများရှိပါတယ်။ နယ်စပ်ဒေသလုံခြုံရေးနဲ့ပတ်သက်ပြီး ပုံမှန်ဆွေးနွေးနေတဲ့ ဆွေးနွေးပွဲပဲ ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကို တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတစ်လှည့်စီ ကျင်းပနေတာဖြစ်ပါတယ်။ အလားတူပါပဲ မြန်မာနိုင်ငံနဲ့ထိစပ်နေတဲ့ တိုင်းပြည်တွေမှာလည်း နယ်စပ်လုံခြုံရေး ပုံမှန်အစည်းအဝေးတွေ ပြုလုပ်လျက်ရှိပါတယ်။ ဒီအစည်းအဝေးကို တက်ရောက်ဖို့အတွက် တရုတ်နိုင်ငံက တပ်မတော်ဆိုင်ရာ ကိုယ်စားလှယ်များ မြန်မာနိုင်ငံကို ဇွန်လ ၂၇ ရက်နေ့ မနက်ပိုင်း ကံပိုင်တည်မှ လာရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တပ်မတော်နဲ့ နယ်ခြားစောင့်တပ်ဖွဲ့တွေက သွားရောက်ကြိုဆိုခဲ့ပါတယ်။ အဲဒီအထဲကမှ နယ်ခြားစောင့်တပ်ဖွဲ့ရဲ့ ရှေ့ပြေးဒုတိယယာဉ်က ၁၃ ကီလိုမီတာအကွာလောက်မှာ လက်နက်ငယ်နဲ့ ငါးချက်ပစ်ခတ်ခံရပါတယ်။ ထိခိုက်ဒဏ်ရာရသူမရှိပါဘူး။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ အဲဒီနေရာမှာ လုံခြုံရေးအရ ပြန်လည်လုံခြုံမှုရရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ ပြန်လည်လုံခြုံမှုရရှိတဲ့အခါမှာ အဲဒီယာဉ်တန်းကို မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာခဲ့တယ်။ မူလအစီအစဉ်အတိုင်းပဲ နှစ်ဖက်တွေ့ဆုံပြီး အစည်းအဝေးများ တွေ့ဆုံခဲ့တာရှိပါတယ်။ အောင်မြင်စွာနဲ့ အစည်းအဝေးပြီးဆုံးသွားပါတယ်။ တရုတ်နိုင်ငံက တပ်မတော်ကိုယ်စားလှယ်အဖွဲ့များလည်း ပြည်ပသို့ ပြန်လည်ထွက်ခွာခဲ့ပါတယ်။ ပစ်ခတ်ခဲ့တဲ့အဖွဲ့တွေကလည်း KIA အဖွဲ့ဆိုတာ အတည်ပြုလို့ရပါတယ်။ ပစ်ခတ်ပြီးတဲ့နောက်ပိုင်းမှာ တရုတ် – မြန်မာ နှစ်နိုင်ငံနဲ့ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြားမှာ အထင်လွဲမှားမှုတွေဖြစ်လာအောင် ဘေးကနေပြီးတော့ ပြည်ဖျက်မီဒီယာများအနေနဲ့ ဝိုင်းဝန်းသွေးထိုးလှုံ့ဆော်နေတာတွေကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး လုံခြုံရေးအရ ဆက်လက်ပြီး အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သတင်းယောင် သတင်းမှားတွေကို ပြည်ဖျက်မီဒီယာများကလည်း အမြဲတမ်းထုတ်လွှင့်လျက်ရှိပါတယ်။ ဒီလိုထုတ်လွှင့်မှုတွေကို သတိပြုကြဖို့ လိုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ (ဒုတိယအကြိမ်) ပို့ဆောင်

**နေပြည်တော် ဇွန် ၂၉**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သော မျိုးစပါးများကို အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ စီမံမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လိုအပ်သည့် မျိုးစပါးများကို တင်ပို့ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။



ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေမှ ဝယ်ယူခဲ့သည့် GW-11 မျိုးစပါး ၁၄၄၂၅ တင်းကို တပ်မတော်မော်တော်ယာဉ် ၆၅ စီးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဝယ်ယူခဲ့သည့် ပေါ်ဆန်းရင် မျိုးစပါး တင်း ၃၀၀၀ ကို တပ်မတော်မော်တော်ယာဉ် ၁၂ စီးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြနှင့် ဝါးခယ်မမြို့တို့မှ ဝယ်ယူခဲ့သည့် ပေါ်ဆန်းရင် မျိုးစပါး ၁၃၀၆၇ ဒသမ ၅ တင်းကို တပ်မတော်မော်တော်ယာဉ် ၆၃ စီးဖြင့်လည်းကောင်း တင်ဆောင်၍ ယနေ့တွင် ဒုတိယအကြိမ် သွားရောက်ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စပါးမျိုးများကို မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ရာတွင် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကူညီတင်ဆောင်ပေးကြရာ ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်သို့ ရောက်ရှိသည့် မျိုးစပါးများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်တွင် လိုအပ်လျက်ရှိသည့် မျိုးစပါးများကို အချိန်မီရရှိရေး ဆက်လက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ မုန်တိုင်းသင့် ကျေးရွာသူ/ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး၍ သီးစုံဒံပေါက်ထမင်းဘူးများပေးဝေလှူဒါန်း

**နေပြည်တော် ဇွန် ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့မှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာရှိ စန္ဒာရာမပရိယတ္တိကျောင်းတိုက်၌ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့်ကျေးရွာသူ/ကျေးရွာသားများအား သွေးတိုးရောဂါ၊ ဝမ်းပျက်/ ဝမ်းလျှောရောဂါ၊ အရိုး/အကြောရောဂါများ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ – အိန္ဒိယ – တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် ဘာသာစုံမိတ်ဆွေများက ရက် (၃၀) စတုဒိသာ အလှူတော် အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပုဗ္ဗသီရိမြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၂၉**

(၁၀၁)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းဆိုင်မှ အသင်းသား အသင်းသူများအား အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ဇွန် ၂၈ ရက်က ရောင်းချပေးသည်။ ထိုသို့ရောင်းချရာတွင် အသင်းသားများအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ကြက်ဥ၊ ဘဲဥအစရှိသည့် အခြေခံစားသောက်ကုန်များကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**



○ *ကျောဖုံးမှ*

၁၀ မိနစ်တွင် မြဝတီအသင်း ဂိုးစတင်ရရှိခဲ့ပြီး ဟိန်းဇေယျာမင်းကန်သွင်းသည့် ပြစ်ဒဏ်ဘောကို ဒဂုံစတားဂိုးသမား အောင်ပြည့်ဖြိုးကာကွယ်သော်လည်း လက်မှလွတ်ကာ ဂိုးဝင်သွားခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသဖြင့် ဒဂုံစတားအသင်း ချေပဂိုးရရန် အားထည့်ကစားလာပြီး ၁၄ မိနစ်တွင် သိန်းတန်က ဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်းအပြီးတွင် သရေကျနေသဖြင့် ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြင့်လာပြီး ဒဂုံစတားအသင်းက ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့သည်။ ဂိုးရနိုင်သည့် အပိုင်အခွင့်အရေး သုံးကြိမ်ထက်မနည်းရရှိသော်လည်း အသုံးမချနိုင်သဖြင့် နိုင်ပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအတွက် အကောင်းဆုံးကစား သမားဆုကို ဒဂုံစတားအသင်း ကွင်းလယ်ကစားသမား မောင်မောင်ဝင်းက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ၁၀ ပွဲကစား ရမှတ် ၁၂ မှတ်၊ ဒဂုံစတား အသင်းက ၁၀ ပွဲကစား ရမှတ် ၁၁ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၀) နောက်ဆုံးနေ့အဖြစ် ဇွန် ၃၀ ရက် **(ယနေ့)** တွင် မဟာယူနိုက်တက်နှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း / ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်–

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၀၀ | ၁၉၇၅ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၈၂၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၉၀၀ |
| HSD (10 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၂ | ၁၉၃၃ |
| 95 Ron | ၁၉၃၂ | ၂၀၀၄ |
| HSD (500 ppm) | ၁၈၂၉ | ၁၈၉၅ |
| HSD (50 ppm) | ၁၉၀၃ | ၁၉၇၀ |
| HSD (10 ppm) | ၁၉၀၃ | ၁၉၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆ ဦး တွေ့ရှိ

(၂၉ – ၆ – ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈–၆–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉–၆–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၆) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၅၀,၇၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၄၁၇) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၃၄၉) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းမြို့နယ်၊ စမွန်းကျေးရွာအနီး ခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၉**

NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ လက်ပံတောကျေးရွာနှင့် စဥ့်ကိုင်ကျေးရွာများအနီး ရောက်ရှိခိုအောင်းနေကြောင်း အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်းခဲ့ရာ ဇွန် ၂၅ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများထံမှ လက်နက်မျိုးစုံ



စစ်ကိုင်းတိုင်းဒေသကြီး စမွန်းကျေးရွာ၌ ဖမ်းဆီးရမိသော လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

၄၂ လက်နှင့် ခဲယမ်း၊ ဗုံးသီး ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် လက်နက်မျိုးစုံ ၁၂ လက်နှင့် ခဲယမ်း၊ ဗုံးသီးဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရရှိခဲ့သည်။

**သိမ်းဆည်းရမိ**

အထက်ပါ ဖြစ်စဉ်များမှ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သော အကြမ်းဖက်သမား အချို့သည် အခြားအကြမ်းဖက် အဖွဲ့များနှင့် ပူးပေါင်းကာ စမွန်းကျေးရွာအနီး ရောက်ရှိ ခိုအောင်းနေကြောင်း အကြမ်းဖက်လုပ်ရပ်များကို ရွံရှာစက်ဆုပ်မုန်းတီးပြီး PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ ထပ်မံသတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်အစောပိုင်းတွင် အဆိုပါကျေးရွာသို့ သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်စဉ် ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ VAN နှင့် CANDA အမျိုးအစား မော်တော်ယာဉ်နှစ်စီးပေါ်မှ ၁၀၇ မမ ရှေ့တိုက်ဒုံးသီး ငါးလုံးအပါအဝင် လက်နက်မျိုးစုံ ၃၉ လက်၊ ကျည်မျိုးစုံအတောင့် ၅၉၀၊ ခဲယမ်း၊ ဗုံးသီးမျိုးစုံ ၃၀၄ လုံး၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

**ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေး**

ဖြစ်စဉ်တွင် သိမ်းဆည်းရမိ လက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါ လက်နက်များကို ကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင် မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာနအဆောက်အဦများ၊စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

**မိုင်းထောင်ဖောက်ခွဲ**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် မိုင်တိုင်အမှတ် (၁၃၀/၆) နှင့် (၁၃၀/၇) အကြား၊ တံတား အမှတ် (၃/၁၃၂)၊ အရှည် ၉၅ ပေ၊ အကျယ် ၄၁ ပေ၊ ခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ကျုံအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် ကျုံအိတ်တံတား၏ အနောက်ဘက်ခြမ်း ၆၆ ပေခန့် ပဲ့ကျပျက်စီးခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားချိန်၌ တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်နေသည့် မော်တော်ယာဉ် သုံးစီးပြုတ်ကျ ပျက်စီးခဲ့ကာ အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိစဉ် အဆိုပါ အကြမ်းဖက်သမားများက Drop Bomb များ အသုံးပြု၍ ယုတ်မာရက်စက်စွာဖြင့် အကြမ်းဖက်မှုများ ထပ်မံလုပ်ဆောင်ခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူ နှစ်ဦး ထပ်မံသေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။



KNlA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် ကျုံအိတ်တံတားကို တွေ့ရစဉ်။

**ပြိုကျပျက်စီး**

KNLA အကြမ်းဖက်သမားများအနေဖြင့် ဇန်နဝါရီ ၆ ရက်တွင်လည်း ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အတွင်းရှိ အများပြည်သူ အသုံးပြုသွားလာလျက်ရှိသော စစ်တောင်းမြစ်ကူးတံတား (နတ်သံကွင်း) အား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တံတား၏ ကမ်းကပ်ခုံနှင့် ကပ်လျက် ပေ ၁၃၀ ခန့် ပြိုကျပျက်စီးခဲ့သည်။ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်းရှိ တံတားများအား အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခဲ့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ ၂၄ ကြိမ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

**စစ်ရာဇဝတ်မှုကျူးလွန်**

အကြမ်းဖက်သမား များအနေဖြင့် အများပြည်သူ သွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်သည်။

KNlA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံအိတ်တံတား နေရာပြပုံ




**ဆက်လက်ဆောင်ရွက်**

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်သော်လည်း မော်တော်ယာဉ်ကြီးများအတွက် သွားလာရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ တံတားပျက်စီးမှုအား သက်ဆိုင်ရာ လမ်း/တံတား ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြမ်းဖက် ချေမှုန်းရေး၊ စစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၇ ရက်တွင် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Karat Toilet Commode အခု ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၆၀၀,၀၀၀) ကိုလည်းကောင်း၊ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ နတ်မောက်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပုဇွန်နှစ်ကောင်စားဆီ ( ၂၄၀ လီတာ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅,၀၀၀)၊ ပုဇွန်တစ်ကောင်စားဆီ ၁၀၈၀ လီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၄၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၀၀၀,၀၀၀) ကို လည်းကောင်း၊ ဇွန် ၂၈ ရက်တွင် ကျားကလေး-ဇာသပြင် လမ်းပိုင်း၊ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ အကောက်ခွန်မဲ့ ပစ္စည်းများ တွေ့ရှိရသဖြင့် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Carabo အချိုရည်ဘူး ၇၂၀၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၃၇၆,၀၀၀) ကို လည်းကောင်း၊ Brand ငှက်သိုက်ဘူး ၁၄၄၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂,၀၀၀,၀၀၀) ကိုလည်းကောင်း၊ Nescafe Red Cup ကော်ဖီမှုန့် အထုပ် ၃၆၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,၈၅၀,၀၀၀) ကိုလည်းကောင်း၊ မုန့်ပုံး ၁၀၈ ဘူး အပါအဝင်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၂၂၃,၀၀၀) ကို လည်းကောင်း၊ Fineline အမွှေးဆီ အထုပ် ၄၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀,၀၀၀)ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၀၀၀,၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Miami PVC Cabinet ၁၀ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၀၀,၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉,၅၇၄,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကျောက်ရပ်ကျေးရွာ၊ မြိတ်-ထားဝယ်ကားလမ်း ပေါက်တိုင်းတံတား စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တွေ့ရှိရသဖြင့် ထားဝယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Tevax ဆေးဘူး ၂၄၀၀ အပါအဝင် ဆေးဝါး ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၂၆၉,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅,၀၀၀,၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈,၂၆၉,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးစခန်း၌ ဇန်းမော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ ဂျပ်စက္ကူဟောင်းများ၊ အခွန်ပေးဆောင်ထားခြင်းမရှိသည့် ထီးဖာများ၊ ပြောင်းဆန်အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော အကောက်ခွန်မဲ့ပစ္စည်းများ တွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နံ့သာနီဟု ယူဆရသော သစ်အပိုင်းအစ ၁၈၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၀၀၀,၀၀၀)၊ တရုတ်နိုင်ငံထုတ်ထီး ၃၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၃၅၀,၀၀၀)၊ မြေပဲ ၁၅၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄,၉၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅,၀၀၀,၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃,၂၅၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁,၀၉၃,၀၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကော့ကရိတ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား KKO (ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမား များက လက်နက်ကြီးများဖြင့် ဇွန် ၂၈ ရက် ညနေပိုင်းတွင် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဇွန် ၂၈ ရက် ညနေ ၅ နာရီခွဲတွင် KKO(ခွဲထွက်) အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက အရှေ့မြောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာသွားခဲ့ပြီး အဆိုပါအကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီး ကျည်များသည် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အဆိုပါရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦးသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိကာ မော်တော်ဆိုင်ကယ် တစ်စီး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့ ပုလဲဖြူ နာရေးကူညီမှုအသင်းမှ မော်တော်ယာဉ်ဖြင့် ခရိုင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများနေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

KKO(ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် သေဆုံး/ ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့အရပ်သား ပြည်သူများ၏ မှတ်တမ်းဓာတ်ပုံ



ဦးစိုးမြင့် (၅၂) နှစ်၊ (ဘ) ဦးအုန်းတင် သေဆုံးမှု မှတ်တမ်းဓာတ်ပုံ။



ဒေါ်ခင်အေး (၄၁) နှစ်၊ (ဘ) ဦးဗလ ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒရယ်မီးရပ်ကွက်နေ ဇေယျာဝင်း (ခ) ဇေယျာသည် ၎င်းအသုံးပြုသည့် “Zayar” Facebook အကောင့်၊ မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံကျေးရွာနေ ဝင်းညွန့် (ခ) သာချိုသည် ၎င်းအသုံးပြုသည့် “Thar Cho” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တနင်္သာရီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ၅၄၃ သိန်း ထုတ်ချေးပေး

**တနင်္သာရီ ဇွန် ၂၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရှေ့မော်တုန်းကျေးရွာအုပ်စု အရှေ့မော်တုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ (ဒသမ)အကြိမ်အဖြစ် ချေးငွေထုတ်ချေးပေးခြင်းကို ယနေ့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းအတွင်း ပြုလုပ်သည်။ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သူဇာမိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆိုင်ရာ အကြောင်းအရာများနှင့် အတိုးကောက်ခံ ဆောင်ရွက်မှု၊ အရင်းအတိုး ပေးဆပ်ဆောင်ရွက်ရမည့် ကာလသတ်မှတ်ချက်များ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၄၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

အရှေ့မော်တုန်း ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၄ ဦးအား ငွေကျပ် ၃၀၆၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးအား ငွေကျပ် ၈၀၅၀၀၀၀၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးအား ငွေကျပ် ၁၂၁ သိန်း၊ အထည်ချုပ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးအား ငွေကျပ် ၁၅ သိန်း၊ အသေးစား စက်မှုလုပ်ငန်း လုပ်ကိုင်သူ သုံးဦးအား ၁၇ သိန်း ငါးသောင်းကျပ်နှင့် ရေလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးအား ၂၅၀၀၀၀ စုစုပေါင်းချေးငွေ အသင်းသားအသင်းသူ ၁၈၂ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄၃ သိန်းတိတိကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## မင်းလှမြို့နယ်၌ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးစေရန် ကျေးလက်လမ်းများ အဆင့်မြှင့်တင်မည်

**အထက်မင်းလှ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက်လမ်းများကို မြေနီလမ်းနှင့် ကျောက်ချောလမ်းခင်းခြင်းများ အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကဒေါင်းကျင်း - မကျီးကိုင်း - လက်ပံတံခါး ကျေးရွာချင်းဆက် လမ်းအရှည် (၂/၀မိုင်)၊ ကတဲ-ပုသိမ်-မုံရွာလမ်း အရှည် နှစ်မိုင် နှစ်ဖာလုံ၊ အိုင်းမကံ - လည်လျားရှည်လမ်းအရှည် (၂/၀) မိုင်လမ်းတို့ကို လမ်းအကျယ် ၁၈ ပေ၊ ထု ရှစ်လက်မ မြေနီခင်းခြင်း၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ပေတောကုန်း - စမ်း(ကံ) - လင်းကယ် - သရက် - မင်းလှလမ်း အရှည်(၃/၁)မိုင်၊ ပရဆိုင်-ကောက်ကလိမ်-ပနီဆုံလမ်းအရှည်(၄/၀) မိုင်တို့ကို လမ်းအကျယ် ၁၈ ပေ၊ ထုရှစ်လက်မ မြေနီခင်းခြင်းနှင့် ဒေါင်းဘုတ်-သရက်-မင်းလှလမ်း အရှည် (၀/၄)မိုင်၊ လမ်းအကျယ် ၁၆ ပေ၊ ထုခြောက်လက်မ ကျောက်ချော လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ညှင်းသွန်း - ဘွဲ့ - သရက်-မင်းလှလမ်းပေါ်ရှိ အရှည်ပေ ၁၈၀ ကို မြေထိန်းနံရံဆောက်ရွက်ခြင်းလုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်မည်ဖြစ်သည်။



မင်းလှမြို့နယ်၌ အဆိုပါ ကျေးရွာချင်းဆက် လမ်းများကို အဆင့်မြှင့်တင် ဆောက်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး ကျေးလက်နေ ပြည်သူများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## မြန်မာအမျိုးသားလေကြောင်းလိုင်းမှ နိုင်ငံတကာခရီးစဉ်သစ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန်စီမြို့သို့ ပျံသန်းပြေးဆွဲ

**ရန်ကုန် ဇွန် ၂၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းလိုင်းသည် နိုင်ငံတကာခရီးစဉ်သစ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ မန်စီမြို့သို့ စတင်ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာခရီးစဉ်သစ်သည် ရန်ကုန်-မန္တလေး-မန်စီ-မန္တလေး-ရန်ကုန်ခရီးစဉ်ဖြစ်ပြီး ဇွန် ၂၉ ရက်မှ စတင်၍ တစ်ပတ်လျှင် သုံးကြိမ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(Terminal-1)နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ ပျံသန်းပြေးဆွဲမည်ဖြစ်သည်။ ခရီးစဉ်တွင် Boeing 737-800 NG လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲပေးမည်ဖြစ်ပြီး ယင်းနေ့များတွင် ရန်ကုန်မှ-မန္တလေးသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ထွက်ခွာ၍ မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးသို့ ရောက်ရှိမည်ဖြစ်သည်။ ထို့နောက် မန္တလေးမှ မွန်းလွဲ ၂ နာရီခွဲတွင် ဆက်လက်ထွက်ခွာ၍ မန်စီသို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ မန်စီမှ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ မန္တလေးသို့ ညနေ ၆ နာရီတွင်ရောက်ရှိပြီး မန္တလေးမှ ည ၇ နာရီတွင်ထွက်ခွာ၍ ည ၈ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

**အာကာလင်း**

## သာစည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ချေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**သာစည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍအတွက် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ငွေးငွေးက စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာအောင်မိုးကျော်က မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများအတွက် ချေးငွေထုတ်ယူမည့်သူများထံ ချေးငွေများပေးအပ်သည်။ ချေးငွေပေးအပ်ပွဲတွင် ကျေးရွာအုပ်စုသုံးစုမှ မွေးမြူရေးကဏ္ဍအတွက် သုံးဦးနှင့် စိုက်ပျိုးရေးကဏ္ဍအတွက် ၄၄ ဦး စုစုပေါင်း ၄၇ ဦးတို့အား ငွေကျပ်သိန်း ၁၁၀၀ ကို ထုတ်ချေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာမည်။

**မိုး/ဇလ**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by MPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၆၀ ကျပ် | ၂၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၄၀ ကျပ် | ၂၀၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၀ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၃၀၀၂ | ၈၅၅၅၇၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၆၆ | ၄၇၅၂၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၉၀၄၀ | ၁၃၅၅၈၀၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၂၀၃ | ၄၉၇၃၅၀ |
| EFR | ၂၄၀၀ | ၂၄၀၀ | ၅၀ | ၁၂၀၀၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်



အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

aungbarlay.ird.gov.mm အောင်ဘာလေ အွန်လိုင်း သိန်းဆု ထီစနစ်
Application ကို Download ပြုလုပ်ရန် QR ကို Scan ဖတ်ပါ။


## အမျိုးသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၂-၄)၊ ဦးပိုင်အမှတ် (၅၄)၊ မြေဧရိယာ ၀.၁၈၄ဧကရှိ မြေကွက်သည် မူလက ဦးမြင့်ရွှေ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၇၈၅/V ၁၉၉၀-၁၉၉၁ အရ (၃၀-၆-၂၀၂၀)ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးမြင့်ရွှေသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါ၍ ၎င်း၏ တစ်ဦးတည်းသောဇနီး ဒေါ်မြသိန်းက ၁၄-၃-၂၀၂၃ရက်စွဲပါမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၁၀၀/၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၎င်း၏(အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ထွေးထွေးခိုင်)က ၂၄-၄-၂၀၂၃ ရက်စွဲပါမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၇၈/၂၀၂၃) အရ ဒေါ်နီနီခိုင် ၁/မကန(နိုင်)၀၂၂၁၅၃ (၎င်း၏အထွေ ထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဟာရှင်)ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်နီနီခိုင်အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၁၀)၊ဦးပိုင်အမှတ် (၂၀)၊ ၆၀.B ၆၁လမ်းကြား၊ ဗ ထူးနှင့် အောင်ဆန်းလမ်းကြားရှိ ဦးဘုန်းကျော် အမည်ပေါက် တောဂရန် မြေကွက်အား တပ်သားဘုန်းကျော်(ခ) ဦးဖုန်း ကျော်၊ESNE-၀၉၉၈၆၃၊ ၉/ မနမ(နိုင်)၀၀၀၅၃၉ ၏ (SPရသူ ဦးဝင်းဇော်) က အမည်ပေါက်သူ တသဘုန်းကျော်၏ မှတ် ပုံတင် ၊ အိမ်ထောင်စု ဇယားမူရင်းတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၁၉၇၇/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇ၀နဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ဧကရှိ ဦးစိုးဝင်း ၂/လကန(နိုင်)၀၂၃၇၅၅ (ဘ)ဦးသိန်းဇံ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၆၁၉) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၅၂၅၀/၂၀၂၂ (၂၇-၁၀-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်မိုးနိုင် ၉/မရမ(နိုင်)၀၉၂၆၄၈ (ဘ) ဦးတင်ရွှေမှ ဒေါ်နှင်းယုကြည် ၁၂/သဃက(နိုင်)၀၄၁၃၈နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၇)၊ ဦးပိုင်အမှတ် (၆၅)၊ မြေဧရိယာ ၀.၂၀၅ဧကရှိ မြေကွက်သည် မူလက ဒေါ်ပိတိမာယာအမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၂၆၂၁/V ၁၉၈၉-၁၉၉၀ အရ (၃၀-၆-၂၀၂၀)ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်ပိတိမာယာနှင့် ခင်ပွန်း ဦးကူးလ်ဗဟာဒူးရာနာ တို့ (၂)ဦးသည် ကွယ်လွန်ခဲ့ပြီးဖြစ်ပါ၍ ၎င်းတို့၏သား ဦးဆန်ကျဗဟာဒူး ၁/မကန(နိုင်)၀၂၇၇၀၀က ၁၃-၂-၂၀၂၃ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၄၃/၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးဆန်ကျဗဟာဒူးအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့် ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ငှက်ပျောတောလမ်း၊ ပထမထပ်၊ အမှတ်-၄၆နေ Our Future Trading Co., Ltd သည် ဖော်ပြပါ အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်း၍ တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူ အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-

GINVERA

ဖော်ပြပါအမှတ်တံဆိပ်ဖြင့် ခေါင်းလျှော်ရည်အမျိုးမျိုး၊ ရေချိုးဆပ်ပြာအမျိုးမျိုး၊ သံလွင်ဆီ၊ **Shower Scrub, Shower Gel, Spa body Wash, Botanical Oil, Hair Care Product, Skin Care Product** အမျိုးမျိုးတို့ကို မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်တင်သွင်းဖြန့်ဖြူးရောင်းချလျှက်ရှိသည့်အပြင် မိမိကုမ္ပဏီမှ လုပ်ကိုင်သောလုပ်ငန်းများ၏ ကုန်ပစ္စည်းများပေါ်တွင် အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးကပ်နှိပ်ယှဉ်တွဲ၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အားသုံးစွဲသူပြည်သူများကို ထင်ယောင်ထင်မှားဖြစ်စေရန် မည်သည့်ပုံစံဖြင့်မဆို ဆင်တူယိုးမှားတုပကူးယူသုံးစွဲခြင်း၊ သံတူကြောင်းကွဲသုံးစွဲခြင်း၊ **Internet, Social Media** တွင်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း တုပကူးယူသုံးစွဲခြင်းများ မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ ခွင့်ပြုချက်မရရှိဘဲတုပကူးယူသုံးစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Our Future Trading Co., Ltd၏လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ပြည့်ဖြိုးလွင်**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၄၂၀၅)
**ဒေါ်ယမင်းနွယ်ဦး** (အထက်တန်းရှေ့နေ) (၅၁၉၉၈)
အခန်း-၉၀၁၊ (၉-လွှာ)၊ တာဝါ-ဧ၊ မြိုင်ပော်ဝန်ကွန်ဒို၊ ၈ မိုင်၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉ ၇၇၇၇၅၆၇၄၂၊ ၀၉ ၄၄ ၆၆၆၆ ၂၇၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/26383, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/97977, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ SINK Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## စီးပွားရေးလုပ်ငန်းအတွက် အချက်အချာကျသော နေရာကောင်းရောင်းမည်

ပန်းတနော်မြို့၊ အနောက်ပိုင်း၊သီရိလမ်း အနီး၊ အနော်ရထာလမ်း (မျက်နှာစာ)နှင့် နှင်းပန်းလမ်းထောင့်၊ ဧရိယာ ၀ဒသမ ၀၅၁ ဧက အကျယ်ရှိ ပိုင်ရှင်အမည်ပေါက် ဘိုးဘွားပိုင်မြေနှင့် မြေကွက်ပေါ်ရှိ RC(၂) ထပ်ခွဲတိုက်၊ ခြေရင်းRC(၂) ထပ်တိုက်နှင့် ခေါင်းရင်းသွပ်မိုး၊ ပျဉ်ထောင်(၂)ထပ် အိမ်(၁)လုံး။

**မြမြင့်မိုရ်**
**ဖုန်း-၀၉- ၇၉၀၆၆၁၉၉၁၊ ၀၉-၆၆၆၆၆၄၁၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ ရှင်စောပုလမ်း၊ ကွင်းအမှတ် (၈၄၄ᶜ)၊ ကွမ်တုံကျောင်းသစ်ကွင်း၊ဦးပိုင်အမှတ်(၁/၆ᵏ)၊ ဧရိယာ ဒသမ ၀၃ ဧက အနက်မှ အရှေ့မျက်နှာစာ(၃၁)ပေ အနောက်မျက်နှာ အကျယ်(၂၇)ပေ၊ တောင်မြောက် အလျား အရှည်(၅၅)ပေ၊ အကျယ်ရှိသော မြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်နေအိမ် တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို သက်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဇာဇာဖြိုး ၃/ဘသဆ(နိုင်)၀၃၆၃၁၀ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ခိုင်သဇင်ဖူး ၁၂/ဒဂန (နိုင်)၀၃၀၀၂၂ နှင့် ဒေါ်ခိုင်စပယ်ဖူး ၁၂/ဒဂန(နိုင်) ၀၃၀၀၂၁ တို့က ရောင်းဖိုးငွေ စုစုပေါင်းမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်နှင့်မြေကွက်အရောင်းအဝယ်အား သက်ဆိုင်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအိမ်နှင့်မြေကွက်အား အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မီမီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၀၇)**
**အမှတ် ၆၃(A)၊ အရဟံလမ်း၊ ဘိုတဲရပ်၊ မြို့မ(၃)ရပ်ကွက်၊ မုဒုံမြို့**






## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ သုံးတောင်ကျေးရွာ၊ ကွင်းအမှတ် (၆၅၀/က)၊ ဦးပိုင်အမှတ် (N-63) မြေကွက်ပေါ်ရှိ မြေကွက်အမှတ် (A-2, B-2)၊ အရှေ့မျက်နှာစာ (၆၅)ပေ၊ အနောက်ဘက်ခြမ်း ၆၁ပေ၊ အရှေ့အနောက်ပေ (၈၀)အကျယ်အဝန်းရှိ မြေ (၂)ကွက်မှာ မူလပိုင်ဆိုင်သူ ဒေါ်ဝေလန်းမှ အဆင့်ဆင့်ရောင်းချထားသောမြေကွက်ဖြစ်ပြီး၊ ယခု အခါတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်ဝင်းမှ လက်ရှိပိုင်ဆိုင်ပြီး၊ ဝင်းခြံများကာရံထားသည်မှာ (၈)နှစ်ကျော်ခန့်ရှိ ပြီဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်ပေါ်တွင် ယခုလက်ရှိပိုင်ဆိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်း၏ခွင့်ပြုချက်မှအပ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျူးကျော်ခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ ဝင်းခြံများကာရံခြင်းမှစ၍ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးကို ထိခိုက်စေသည့် ဆန့်ကျင်ဆောင်ရွက်မှုများ မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ပါက ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကြည်ကြည်ဝင်း** | **ဦးအောင်မြင့်မောင် (LL.B)** |
| **၉/မရတ(နိုင်)၀၄၆၁၂၄** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၁၃၄၉(၁၃-၁၀-၂၀၁၆)** |
| | **လမ်း ၄၀၊ ၆၉x၇၀ ကြား၊ မဟာအောင်မြေမြို့နယ်၊** |
| | **မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၉၇၅၇၆၅၆၁၂** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် (RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ် (၇၀/၂၆၉)၊ မြေကွက်အမှတ်၊ မြေဧရိယာ ၀.၁၆ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်တင့် ၉/မရမ(နိုင်)၀၁၁၈၅၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၉-၆-၂၀၂၃)ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ( ၂၅ ) တွင် "အခန်းစလစ်ပျောက်ဆုံးကြောင်းကြေညာခြင်း" ကြော်ငြာတွင် ဒေါ်နု (၁၂/စခန(နိုင်)၀၃၈၆၁၁) ဟု ဖော်ပြမိပြီး မှတ်ပုံတင် အမှန်မှာ (၁၂/စခန(နိုင်)၀၃၈၆၂၁)ဟု ပြင်ဆင်ဖတ်ရှုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/8228 ယာဉ်လက်ဝယ်ရှိသူ ဦးဂျိုးဇက် ၂/ဒမဆ (နိုင်)၀၄၂၁၆၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/85027 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဝင်းနီ ၂/လကန(နိုင်) ၀၀၇၇၈၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/60554 ယာဉ်လက်ဝယ်ရှိသူ ဦးဂျိုးဇက် ၂/ဒမဆ (နိုင်) ၀၄၂၁၆၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**(လွိုင်ကော်)**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့် လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံး ထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန် အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၁၄-က)၊ မြေဧရိယာ ပေ (၂၀x၆၀)၊ စတုရန်းပေ ၁၂၀၀ အကျယ်အဝန်းရှိ ဒေါ်ဖွားတင် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ+မြေပို အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (မိခင်) ဒေါ်ဖွားတင်နှင့် (ဖခင်) ဦးတင်လှတို့အသီးသီး ကွယ်လွန်သဖြင့် မြန်မာ့ဓလေ့ထုံးဥဒေအရ အမွေဆက်ခံ ပိုင်ဆိုင်လာ သည့် သားသမီးများဖြစ်ကြသော (၁) ဦးတိုက်ကင်း ၁၂/ဥကမ(နိုင်)၁၁၀၉၆၀၊ (၂) ဦးအေးမောင် ၁၂/ဥကမ(နိုင်)၁၃၀၁၃၂၊ (၃) ဒေါ်မြင့်မြင့်အေး ၁၂/ဥကမ(နိုင်)၀၅၈၀၆၃၊ (၄) ဒေါ်ဝင်းဝင်းအေး ၁၂/ဥကမ(နိုင်)၁၃၉၆၄၅၊ (၅) ဦးမျိုးမင်း ၁၂/ဥကမ(နိုင်)၁၅၃၂၅၃၊ (၆) ဦးသန့်ဇင်ထွေး ၁၂/ဥကမ(နိုင်)၀၁၈၂၁၁၊ (၇) ဦးကျော်မင်းဦး ၁၂/ဥကမ(နိုင်)၁၅၃၂၈၅၊ (၈) ဦးသိန်းမင်းထွန်း ၁၂/ဥကမ(နိုင်)၂၉၁၉၄၆၊ အမှတ် (၁၄)၊ ခေမာသီလမ်းမကြီး၊ ဇ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင်နေသူတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ+ မြေပို အရောင်း အဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)
ဖုန်း-၀၉-၅၁၇၁၄၃၃

ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၁၅)
ဖုန်း-၀၉-၂၅၄၄၈၈၃၃၀

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၄)လှော်ကားလမ်း၊ မြေကွက်အမှတ် (၃၇၄/က)၊ အကျယ်အဝန်း(၂၀' x ၆၀') (၁၂၀၀)စတုရန်းပေဧရိယာ ၀ဒသမ ၀၂၇၅ကေရှိ နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ BN(၂)ထပ် အဆောက်အအုံနှင့် ရေမီးစုံ အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော BN(၂)ထပ် အဆောက်အအုံ အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏မြို့မြေစာရင်းတွင် ဦးအောင်ရွှေ ၅/ရဘန(နိုင်) ၀၁၂၈၇၉ အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀) မြေငှားဂရန် မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော BN(၂)ထပ် အဆောက်အအုံ အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းမှ တရားဝင် ပိုင်ဆိုင်ထားပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ သည်။

အဆိုပါမြေကွက် အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဤ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အမှတ် (308)၊ Officer Tower (3),Time City,
ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၂၊ ဦးဩလမ်းသွယ်(၃) လမ်း၊ မြေကွက်အမှတ်-၃၃၄ဟုခေါ်တွင်သော အကျယ်အဝန်း ၀.၀၅၅ကေ၊ ပေ (၄၀x၆၀)ရှိ ယိုချင်လျှောင်(ခ)ဦးကိုကိုလေး ၁၂/လမတ(ဧည့်)၀၀၀၅၂၉ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နုနုအေး PAN-၂၈၀၂၈၄ (၁၂/ကတတ(နိုင်)၀၁၃၈၆၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ် သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း မရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
|---|---|---|
| စဉ်-၂၅၁၆၅ | စဉ်-၂၆၁၉၉ | စဉ်-၄၆၃၂၈ |

အထက်တန်းရှေ့နေများ
အမှတ်-၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁

## အစည်းအဝေးဖျက်သိမ်းကြောင်း ကြေညာခြင်း

ရခိုင်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း သင်းလုံးကျွတ် အစည်းအဝေးနှင့် အလုပ်အမှု ဆောင်ရွေးချယ်ပွဲကို ၂-၇-၂၀၂၃ ရက် (တနင်္ဂနွေနေ့) စစ်တွေမြို့၊ အာရီယာန်ခန်းမ၌ ကျင်းပမည်ဟု ၂၆-၆-၂၀၂၃ ရက်နှင့် ၂၈-၆-၂၀၂၃ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ၌ ကြေညာခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖျက်သိမ်းလိုက်ရပါကြောင်းကို အသင်းသားများသို့ သိရှိနိုင်ပါရန် လေးစားစွာအသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဌာန
ဖုန်း-၀၉-၂၆၆၅၈၈၇၆၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ အကွက်အမည် (သွန်းဘုရားကြီးရပ်)၊ ဦးပိုင်အမှတ်-၁.၈ ၁၊ ဧရိယာ(၀.၀၅၈)ကေအနက်၊ ဧရိယာ (၀.၀၂၉)ကေ၊ အရှေ့လားသော်-ဇေတိကလမ်း၊ အနောက်လားသော်-၁.၈ ၃၊ တောင်လား သော်-၁.၄ ၃၊ မြောက်လားသော်-၁.၈ ၂ ရှိ မြေကို ဒေါ်တင်သန်း(သား) ဦးထူးပြည့်စုံ မှ (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့မတိုင်မီ ဒေါ်တင်သန်း (သား) ဦးထူးပြည့်စုံ ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

ဒေါ်တင်သန်း(သား) ဦးထူးပြည့်စုံ
ဖုန်း-၀၉ ၄၂၈၁၅၈၆၀၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)ရပ်ကွက်၊ တော်ဝင်လမ်း၊ မြေကွက်အမှတ် ၉၈၃ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေထဲမှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ် ၉၈၂နှင့် ကပ်လျက်အခြမ်း မြေအလျားXအနံ (၂၀'x၆၀')ပေ ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်အောင် GPK-027162 ထံမှ မှတ်ပုံတင် စာချုပ်ကြီးဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်ဇာဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်မျိုးဦး ၈/ မတန(နိုင်)၀၄၃၈၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီသီဝင်း ၆/ကစန(နိုင်)၀၄၃၉၈၈ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။

ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)
အမှတ် ၁၁၃၀၊ ၁၅လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉- ၄၅၀၀၃၅၀၇၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရွှေပေါက်ကံ စက်မှုဇုန်-၁၉/၁၊ မြေကွက်အမှတ်-၉၁၊ ၉၄၊ ၀.၁၁၆ကေ၊ မြေကွက်တည်နေရာအမှတ် (၉၁-၉၄) ကနောင်လမ်းသွယ် (၁၀)လမ်း၊ ရွှေပေါက်ကံစက်မှုဇုန် -၁၉/၁၊ ဦးမောင်ချို (PBDN-004922)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား မြေအမည်ပေါက် ဦးမောင်ချို (ခင်ပွန်း)သည် ၁၂-၁-၂၀၂၁ရက်တွင် ကွယ်လွန်သဖြင့် ချူဟိုင်ရင်(ခ) ဒေါ်စန်းစန်း ၁၂/ကတတ(နိုင်)၀၁၉၉၅၈မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ၎င်းမှအပ အခြားအမွေဆက်ခံသူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် ၃/၂၀၄၆/၂၁-၃-၂၀၂၂၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၇၉၁၊ ဧရိယာ (၄၀'X၆၀') မြေကွက်တည်နေရာ အမှတ် ၇၉၁၊အောင်သစ္စာ ၅လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးအောင်မြင့်) ISN- ၂၅၉၀၅၂ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေအား မြေကွက်၏ တရားဝင် မခွဲမစိတ် ရသေးသော အစိတ်အပိုင်း(၃၀'X ၆၀')(ခေါင်းရင်းခြမ်း)ကို အမည်ပေါက် ဦးအောင်မြင့် (ISN-၂၅၉၀၅၂)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၁၇၉/၂၀၁၇ (၂၇-၄-၂၀၁၇)ဖြင့် ဦးချစ်စန်း ၅/ ကနန(နိုင်)၀၃၈၃၃၅ မှ ဝယ်ယူခဲ့ပြီး ဦးချစ်စန်း ၅/ကနန(နိုင်) ၀၃၈၃၃၅ ထံမှ ယင်းအစိတ်အပိုင်း (၃၀'X၆၀') ကို အရောင်း အဝယ် စာချုပ်အမှတ် (၁၆၄၈/၂၀၂၃)(၇-၃-၂၀၂၃)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်အေး အေးမြင့် ၁၂/ကတက(နိုင်)၀၀၀၃၅၉၊ ဒေါ်စိန်စိန်နွဲ့ ၁၀/မလမ(နိုင်)၀၁၉၈၆၆ တို့မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်ပေး ဆောင်ထားသည့်ပြေစာ၊ အရောင်းအဝယ် မှတ်ပုံတင် စာချုပ်(၂) ဆက်၊ မူလ ပိုင်ရှင် ဦးအောင်မြင့်မှာ ဆက်သွယ်၍ မရသဖြင့် တစ်ဖက်သတ် အမည်ပြောင်း လျှောက်ထားခွင့် ပြုပါရန် ၁၂-၅-၂၃ရက်စွဲ ပါ တင်ပြစာတို့တင်ပြ၍ တစ်ဖက်သတ် အမည်ပြောင်း လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ လှော်ကားလမ်း၊ မြေကွက်အမှတ် (၇၀၁-ခ)၊ အကျယ်အဝန်း (၂၀'x၆၀') စတုရန်းပေ ၁၂၀၀ ၊ ဧရိယာ ၀.၀၂၈ ကေရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးဘိုနီ ၁၂/ဗဟန(နိုင်)၀၃၄၃၇၁ အမည်ဖြင့်ထွက်ရှိ ထားသည့် နှစ် ၆၀ မြေငှားဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၂၇၆/၂၀၂၃)အရ တရားဝင်ပိုင်ဆိုင်ထားသည့် သားဖြစ်သူ ဦးစိုးဝင်း ၇/သကန(နိုင်)၀၆၁၈၃၈ထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရန်ကုန်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၈၃၁/၂၀၂၂)အရ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိ ထားသူ ဦးဝင်းသူလင်း ၁၂/သဃက(နိုင်)၀၃၉၅၁၃မှ ၎င်းကိုယ်တိုင် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြား အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)
အခန်းအမှတ် (308)၊ Office Tower (3), Time City,
ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ အောင်တံခွန် (၅)လမ်း၊ မြေကွက်အမှတ် (၁၉၅/ခ)၊ အကျယ်အဝန်း (၂၁ပေ× ၆၀ပေ) ရှိ ဒေါ်ချိုချိုသန်း (၁၂/ဥကတ (နိုင်) ၀၅၄၅၅၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မို့မို့ကြည် (၁၂/သဃက (နိုင်) ၀၂၇၀၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးကျော်စိုးဦး
LL.B,
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## နှစ်ဦးသဘောတူ ဆန္ဒအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်ယုနှင်း ၉/ပဥလ(နိုင်)၀၁၄၅၀၆ နှင့် ဦးကျော်သူဖြိုး ၁၂/ကမတ(နိုင်) ၀၆၄၉၄၁ တို့သည် ၂၇-၆-၂၀၂၃ရက်နေ့က အသိသက်သေ ဦးဝင်းဖြိုးအောင်၊ ဒေါ်အိမြတ်သူတို့ရှေ့တွင် နှစ်ဦးသဘော ဆန္ဒအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယုနှင်း၏ လွှဲအပ်ညွှန်ကြားချက်အရ

| ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊(၈)မိုင် မီးပွိုင့်အနီး၊(၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉- ၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/56252, New Zhineny-110, M/C ယာဉ်လက်ဝယ်ရှိသူ Lucky Thukha Co.,Ltd. Bo ပြခန်း၊ အမှတ် (၂)ရပ်၊ ပခုက္ကူမြို့က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ပခုက္ကူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/30642, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်ဟန်(ခ) မမိုးမိုးအေး ၁၃/ထကန(ဧည့်)၀၀၀၆၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/8976, MITSUBISHI Fuso FS 54JVZ , Truck(8x4)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းဇော် ၉/မရမ(နိုင်) ၁၁၉၁၈၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့
## ကွပ်ကဲမှုအောက်ရှိ မြို့နယ် မြို့နယ်စည်ပင်သာယာရေး အဖွဲ့များတွင် လစ်လပ်လျက်ရှိသော အငယ်တန်း အင်ဂျင်နီယာ-၃(မြို့ပြ/စက်မှု)(ပညာရှင်အဆင့်-၂) (လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀/-) ရာထူးနေရာများ ခန့်ထားနိုင်ရေး လျှောက်လွှာခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိမြို့နယ်/မြို့စည်ပင် သာယာရေးအဖွဲ့များတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်း အင်ဂျင်နီယာ -၃(မြို့ပြ)ရာထူး (၇)နေရာနှင့် အငယ်တန်းအင်ဂျင်နီယာ -၃(စက်မှု)ရာထူး (၁)နေရာ တို့ အတွက် ကျား(၈)ဦး ခေါ်ဆိုမည် ဖြစ်ပါသည်။

လျှောက်ထားသူသည်-

(က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အစိုးရ နည်းပညာတက္ကသိုလ်တစ်ခုခုမှ အငယ်တန်း အင်ဂျင်နီယာ-၃(မြို့ပြ)ရာထူး အတွက် BE(CIVIL)နှင့် အငယ်တန်း အင်ဂျင်နီယာ -၃(စက်မှု)ရာထူးအတွက် BE(Mech)ဘွဲ့ရရှိပြီး သူဖြစ်ရမည်။

(ဂ) လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများသာ လျှောက်ထားရန် ဖြစ်ပါသည်။

(ဃ)လျှောက်လွှာပိတ်သည့် ၃၁-၇-၂၀၂၃ရက်တွင် အသက် (၃၀) နှစ်ထက်မကြီးသူ၊ ကိုယ်လက် အင်္ဂါ ပြည့်စုံပြီး ကျန်းမာသန့်စွမ်း သူ ဖြစ်ရမည်။

(င) ကချင်ပြည်နယ်ဒေသခံဖြစ်ပြီး ပြည်နယ် အတွင်း နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး စီမံခန့်ခွဲမှုဌာနခွဲတွင် ၃-၇-၂၀၂၃ရက်မှစ၍ လာ ရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလျှောက်လွှာများကို ၃၁-၇-၂၀၂၃ရက်နေ့ ညနေ ၄နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် စာရင်းပေးသွင်းလျှောက်ထားရမည်။

၃။ အသေးစိတ် သိရှိလိုပါက ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ ဖုန်း-၀၉- ၈၉၆၄၀၀၉၉၁ သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်၊ အကွက်အမှတ် (၁၆ B)၊ အကွက်အမည် (မြို့တွင်းအနောက်)၊ ဦးပိုင်အမှတ်-၆၆.ခ၊ ဧရိယာ(၀.၀၃၈)ဧက၊ အရှေ့လားသော်- ရှင်စောပုလမ်း၊ အနောက်လားသော်-(ဦးပိုင်အမှတ်-၆၅^ + ၆၇)၊ တောင်လား သော်-(ဦးပိုင်အမှတ်-၆၆ ဃ)၊ မြောက်လားသော်-(ဦးပိုင်အမှတ်-၆၆ က) ရှိမြေကို ဒေါ်ဘောဘီ မှ (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မတိုင်မီ ဒေါ်ဘောဘီ ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒေါ်ဘောဘီ**

**ဖုန်း-၀၉ ၄၂၈၁၅၈၆၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၁၊ ဇေယျာအောင်မြေ လမ်း၊ မြေကွက်အမှတ်-၁၇၅ဟု ခေါ်တွင်သော အကျယ်အဝန်း-၀.၀၅၆ဧက၊ ပေ (၄၀x၆၀)ရှိ ဒေါ်ခင်စော အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအမျိုးအစား မြေအနက်မှ အကျယ်အဝန်း ပေ (၂၀x၆၀) အကျယ် အဝန်းရှိ (ခေါင်းရင်းခြမ်း)မြေနှင့် ရေ၊ မီး(မီတာ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသူရဝင်း ၁၂/ဥကတ(နိုင်) ၀၆၈၃၆၉ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ် ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများ ဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ် မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက် ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** | **စဉ်-၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**

**အမှတ်-၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ တိုက် အမှတ်(71)၊ စတုတ္ထထပ်(A)၊(၅)လွှာ၊ (၁၂ ၁/၂ x၅၀) ပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိရွှေစင်ဝင်း ၁၂/ဗဟန(နိုင်)၀၈၇၁၉၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်ပိုးအိဖြူ ၁၂/ဥကမ(နိုင်) ၂၂၆၄၁၅ ၊ဦးဟန်နီအောင် ၁၄/ဘကလ(နိုင်)၂၃၅၆၆၅ တို့ကအပြီး အပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၃၀၂၆၁၉၉၊ ၀၉- ၄၄၃၀၂၆၁၉၉**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး နှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံး ပြု နိုင်ရန်အတွက် စီမံကိန်းပစ္စည်းများအား စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း တင်ဒါ ခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | ၀၁/တီ/သယ်ပို့ (တင်ဒါ-ဓပစ)/ ၂၀၂၃-၂၀၂၄ | ၆၆ကေဗွီ (ဟသ်ာတ-ရေကြည်)-ဇလွန် ဓာတ်အားလိုင်းအတွက် ACSR, Disc Insulator & Accessories များ သယ်ယူရန်။ |
| ခ | ၀၂/တီ/သယ်ပို့ (တင်ဒါ-ဓအစ)/ ၂၀၂၃-၂၀၂၄ | ၂၃၀ကေဗွီဘဲလင်းပင်မဓာတ်အားခွဲရုံတွင် ဝန်အားပိုမို သုံးစွဲနိုင်ရေးအတွက် Trans-former (၃)လုံး သယ်ယူရန်။ |
| ဂ | ၀၃/တီ/သယ်ပို့ (တင်ဒါ-ဓပစ)/ ၂၀၂၃-၂၀၂၄ | ၆၆ကေဗွီ ရွှေမြို့-ရမည်းသင်း ဓာတ်အား လိုင်းအတွက် ဓာတ်အားလိုင်းသုံးပစ္စည်း များ သယ်ယူရန်။ |
| ဃ | ၀၄/တီ/သယ်ပို့ (တင်ဒါ-ဓအစ)/ ၂၀၂၃-၂၀၂၄ | ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြု ရန်နှင့် အရန်အဖြစ် ထားရှိနိုင်ရန် အတွက် ဓာတ်အားခွဲရုံသုံးပစ္စည်းများ သယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည် တော်သို့ တင်ဒါပိတ်ရက်(၁၃-၇-၂၀၂၂)ရက် (၁၂: ၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများ အား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါ ကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov.mm) တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ရုံးအမှတ်(၂၇) ၊နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဗိုလ်ကုန်းရပ်ကွက်နေ ကိုကျော်သူရအောင်(ဘ)ဦးအောင်မြင့် ၇/ပခန(နိုင်)၂၅၆၅၆၀ ၏ နိုင်ငံကူး လက် မှတ်အမှတ် (A-082491)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၅၇၇၉၇၃

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၅-၂၀၂၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း ကြေညာစာတွင်ပါရှိသည့် နေပြည် တော် ဥတ္တရသီရိမြို့၊ မြေကွက် အမှတ်(ဥ-၇၄၇၆) အစား မြေကွက် အမှတ်(ဥ-၇၄၆၇) ဟု ပြင်ဆင်ဖတ်ရှု ပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/9075 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၈၁)၊ စဉ့်အိုးဘိုအကွက်၊ ဦးပိုင်အမှတ် (၆၃)၊ ဧရိယာ ၀.၁၃၀ ဧကရှိ ဦးဘုန်းမြင့်၊ ဒေါ်ခင်ခင်ဌေးအမည် ဖြင့် မှတ်သားထွက်ရှိသည့် မြို့မြေ (B)ကို အမှတ်(၂၈/၃၀)၊ (၃)ထပ်၊ ဗညား ဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနေ ဦးမိုဟာမက်ဂျာဝိဒ်မှ ဘိုးဘပိုင်မြေအမည်ပြောင်း လဲပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့် ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့် ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေ အမည်ပြောင်းလဲပေး ရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သဲကျွန်းကွက်သစ်၊ မြေတိုင်း ရပ်ကွက် အမှတ် ၁၂/သဲကျွန်း အနောက်ရပ်၊ မြေကွက်အမှတ် (ဥသ- ၂၀၃၆)၊ မြေဧရိယာ ၀ဒသမ ၁၁၀ ဧက၊ ပါမစ်မြေကွက်သည် ဦးကျော်မြင့် (ဘ)ဦးစံလှ ၁၂/ဥကတ(နိုင်) ၀၂၂၉၈၇ အမည်ပေါက် မြေကွက်ဖြစ်ပြီး ဒေါ်ဥမ္မာမြင့်(ဘ)ဦးကျော်မြင့် ၁၂/ဗဟန(နိုင်) ၀၈၅၈၁၉ နှင့် ဦးအောင် စည်သူမြင့် (ဘ)ဦးကျော်မြင့် ၁၂/ဗဟန(နိုင်)၀၈၅၈၃၅ တို့မှ အဆောက် အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ် သတိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းခမ်းခုံး (ဘ) ဦးစံဘ မှတ်ပုံတင်အမှတ် (၁၂/မဘန (နိုင်) ၁၄၀၂၆၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေငြာ အပ်ပါသည်။

AUTO FIX
CAR SERVICE CENTER

အထက်တွင် ဖော်ပြထားသော Auto Fix ဟူသော ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်မှတ်ပုံတင်အမှတ် (၄/၆၀၅၁)ဖြင့် တရားဝင် မှတ်ပုံတင်သွင်း၍ မြွက်ဟကြေငြာထားရှိခဲ့ပြီး မော်တော်ယာဉ်ပြုပြင်ရေး (CAR SERVICE CENTER)များ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကားအပိုပစ္စည်း၊ ကားအလှဆင်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။

သို့ပါသောကြောင့် Auto Fix ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲသူ မည်သူကိုမဆို တည်ဆဲဥပဒေများ အရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်စင်မာလွင်** | **ဒေါ်ဖြူဖြူ** | **ဒေါ်နွန်မေဒေး** |
| **LL.B, DBL,DIL** | **LL.B,DBL, DML, DIR, DIL** | **LL.B** |
